တစ်ဆူတည်းသောဘုရား
(သို့မဟုတ်)
သုံးပါးပေါင်းတစ်ဆူဘုရားလော?

## မာတိကာ။


| | |
|---|---|
| တစ်ဆူတည်းသောဘုရား (သို့မဟုတ်) သုံးပါးပေါင်းတစ်ဆူဘုရားလော? | - ၃ |
| သမ္မာကျမ်းစာတွင်ဘုရားသခင်နှင့်ပတ်သက်၍ မည်သို့သွန်သင်ထားရှိသနည်း? | - ၃ |
| သမ္မာကျမ်းစာတွင်သခင်ယေရှုနှင့်ပတ်သက်၍ မည်သို့မိန့်တော်မူထားသနည်း? | - ၅ |
| ဘုရားသခင်နှင့်သခင်ယေရှုထပ်တူဖြစ်ပါသလား? | - ၈ |
| သုံးပါးတစ်ဆူဘုရား(သို့မဟုတ်)တြိနတိ။ | - ၁၆ |
| သုံးပါးတစ်ဆူ၏နောက်ခံသမိုင်း။ | - ၂၄ |
| ငါသည်ငါ့ခမည်းတော်နှင့်တလုံးတဝတည်းဖြစ်၏။ | - ၃၃ |
| အစအဦး၌နှုတ်ကပတ်တော်ရှိ၏။ | - ၃၆ |
| အချုပ်။ | - ၄၃ |
| မေးခွန်းများ | - ၄၈ |

## ✷ တစ်ဆူတည်းသောဘုရား(သို့မဟုတ်) သုံးပါးပေါင်း တစ်ဆူဘုရားလော?

ဘုရားသခင်၏စာအုပ်ဖြစ်သောသမ္မာကျမ်းစာကိုဖွင့်၍ဖတ်သောအခါဘုရားသခင်သည်အမှန်တကယ်မည်သူမည်ဝါဖြစ်သည်၊ သခင်ယေရှုသည်အမှန်တကယ်မည်သူမည်ဝါဖြစ်သည်ကိုမှန်ကန်စွာနားလည်ရန်အထူးအရေးကြီးလှပါသည်။ အဘယ်ကြောင့်ဆိုသော်၊သခင်ယေရှုမှယင်းအချက်သည်ကျွန်တော်တို့၏ကယ်တင်ခြင်းနှင့်သက်ဆိုင်နေသည်ဟုမိန့်တော်မူခဲ့ပါသည်။

**"ထာဝရအသက်ဟူမူကား၊မှန်သောဘုရားသခင်တဆူတည်းဖြစ်တော်မူသောကိုယ်တော်ကိုငင်း၊စေလွှတ်တော်မူသောယေရှုခရစ်ကိုငင်းသိကျွမ်းခြင်းတည်း။" (ရှင်ယောဟန်ခရစ်ဝင်ကျမ်း ၁၇း၃)**

## ✷ သမ္မာကျမ်းစာတွင်ဘုရားသခင်နှင့်ပတ်သက်၍မည်သို့သွန်သင်ထားရှိသနည်း?

သမ္မာကျမ်းစာရှိပထမဆုံးမှသည်နောက်ဆုံးကျမ်းအထိဘုရားသခင်တစ်ဆူတည်းသာရှိကြောင်း၊အခြားဘုရားမရှိကြောင်းကိုဖော်ပြထားပါသည်။ လွန်ခဲ့သောနှစ်ထောင်ပေါင်းများစွာကဘုရားသခင်သည်အဲဂုတ္တုပြည်မှဣသရေလလူမျိုးများကိုထွက်မြောက်စေခဲ့သောမောရှေအားဖြင့်မိန့်တော်မူခဲ့ပါသည်။

**"အိုဣသရေလအမျိုး၊နားထောင်လော့။ ငါတို့၏ဘုရားသခင်ထာဝရဘုရားသခင်တဆူတည်းသောထာဝရဘုရားဖြစ်တော်မူ၏။ သင်၏ဘုရားသခင်ထာဝရဘုရားကိုစိတ်နှလုံး**



**အကြွင်းမဲ့၊အစွမ်းသတ္တိရှိသမျှနှင့်ချစ်လော့။" (တရားဟောရာကျမ်း ၆း၄-၅)**

နောက်ပိုင်းတွင်ဣသရေလရှင်ဘုရင်ဒါဝိဒ်မင်းမှ၊-

**"သို့ဖြစ်၍အိုထာဝရဘုရား၊အကျွန်ုပ်တို့ကြားသမျှအတိုင်းကိုယ်တော်နှင့်တူသောဘုရား၊ကိုယ်တော်မှတပါး၊အခြားသောဘုရားမည်မျှမရှိပါ။" (ရာဇဝင်ချုပ်ပထမစောင် ၁၇း၂၀)**

ဘုရားသခင်သည်ပရောဖက်ဟေရှာယအားဖြင့်မိန့်တော်မူသည်မှာ၊-

**"ထာဝရဘုရားမိန့်တော်မူသည်ကား၊သင်တို့သည်၊ငါ့ကိုသိမှတ်ယုံကြည်၍၊ငါသည်မှန်ပြီဟုနားလည်မည်အကြောင်း၊ငါ၏သက်သေ၊ငါရွေးကောက်သောကျွန်ဖြစ်ကြ၏။ ငါ့ရှေ့မှာဖန်ဆင်းရာထဲကအဘယ်ဘုရားသခင်မျှမဖြစ်၊ငါ့နောက်မှာလည်း၊အဘယ်ဘုရားသခင်မျှမရှိရာ၊" (ဟေရှာယအနာဂတ္တိကျမ်း ၄၃း၁၀)**

**"မိုဃ်းကောင်းကင်ကိုဖန်ဆင်းတော်မူသောထာဝရဘုရား၊မြေကြီးကိုပြုပြင်ဖန်ဆင်း၍အမြဲတည်စေတော်မူသောအရှင်၊အချည်းအနှီးဖန်ဆင်းသည်မဟုတ်၊သတ္တဝါနေစရာဘို့ဖန်ဆင်းတော်မူသောဘုရားသခင်မိန့်တော်မူသည်ကား၊ငါသည်ထာဝရဘုရားဖြစ်၏။" (ဟေရှာယအနာဂတ္တိကျမ်း ၄၅း၁၈)**

ဓမ္မသစ်ကျမ်းတွင်ကြည့်ကြသောအခါတွင်လည်းဘုရားသခင်သည်တစ်ဆူတည်းဖြစ်ကြောင်းကိုထပ်ခါတလဲလဲဖော်ပြထားပါသည်။

တမန်တော်ရှင်ပေါလုက၊-

**“အကြင်ဘုရားသခင်အထဲကခပ်သိမ်းသောအရာဖြစ်၍၊အကြင်ဘုရားသခင်အဘို့အလိုငှါငါတို့သည်ဖြစ်ကြ၏။ ထိုခမည်းတော်ဘုရားသခင်တပါးတည်းသာငါတို့၌ရှိတော်မူ၏။ အကြင်သခင်အားဖြင့်ငါတို့မှစ၍ခပ်သိမ်းသောအရာဖြစ်ကြ၏။ ထိုသခင်ယေရှုခရစ်တပါးတည်းသာငါတို့၌ရှိတော်မူ၏။” (ကောရိန္သုဩဝါဒစာပထမစောင် ၈း၆)**

**“ယုံကြည်ခြင်းတပါး၊ဗတ္တိဇံတပါး၊ခပ်သိမ်းသောငါတို့၏အဘဖြစ်သောဘုရားသခင်တဆူတည်းရှိတော်မူ၏။ ထိုဘုရားသခင်သည်ခပ်သိမ်းသောငါတို့၏အပေါ်မှာရှိတော်မူ၏။ ခပ်သိမ်းသောငါတို့ကိုနှံ့ပြားတော်မူ၏။ ခပ်သိမ်းသောငါတို့၏အထဲ၌လည်းရှိတော်မူ၏။” (ဧဖက်ဩဝါဒစာ ၄း၅-၆)**

**“ဘုရားသခင်တဆူတည်းရှိတော်မူ၏။ ဘုရားသခင်နှင့်လူတို့၏စပ်ကြားမှာ၊လူဖြစ်သောယေရှုခရစ်တည်းဟူသောအာမခံတဦးတည်းရှိ၏။” (တိမောသေဩဝါဒစာပထမစောင် ၂း၅)**

### ✸ သမ္မာကျမ်းစာတွင်သခင်ယေရှုနှင့်ပတ်သက်၍မည်သို့မိန့်တော်မူထားသနည်း?

သမ္မာကျမ်းစာသည်၊အပျိုကညာအားဖြင့်မွေးဖွားပြီးတစ်လောက



လုံး၏အပြစ်ကိုယူဆောင်သွားသောဘုရားသခင်၏တစ်ပါးတည်းသောသားတော်ဖြစ်ကြောင်းဖော်ပြထားပါသည်။

ဘုရားသခင်သည်သန့်ရှင်းသောဝိညာဉ်တော်၏တန်ခိုးတော်အားဖြင့်မာရိဝမ်း၌ပဋိသန္ဓေတည်စေပြီးမွေးဖွားသောသားကို **“ယေရှု”** ဟူသောအမည်မှည့်ခေါ်ခဲ့ပါသည်။

**“သင်သည်ပဋိသန္ဓေစွဲယူ၍သားယောက်ျားကိုဘွားမြင်လိမ့်မည်။ ထိုသားကိုယေရှုအမည်ဖြင့်မှည့်ရမည်။ ထိုသားသည်ကား၊ကြီးမြတ်သောသူဖြစ်လိမ့်မည်။ အမြင့်ဆုံးသောဘုရား၏သားတော်ဟုခေါ်ဝေါ်သမုတ်ခြင်းကိုခံရလိမ့်မည်။ သူ့အဘဒါဝိဒ်၏ရာဇပလ္လင်ကိုထာဝရအရှင်ဘုရားသခင်သည်သူ့အားပေးတော်မူမည်။ ထိုသူသည်လည်းယာကုပ်အမျိုးအနွယ်ကိုအစဉ်မပြတ်အုပ်စိုးလိမ့်မည်။ သူ၏နိုင်ငံသည်လည်းဆုံးခြင်းမရှိရဟုပြောဆို၏။ မာရိကလည်း၊ဤအမှုအရာသည်အဘယ်သို့ဖြစ်လိမ့်မည်နည်း၊အကျွန်ုပ်သည်ယောက်ျားနှင့်မဆက်ဆံပါဟုကောင်းကင်တမန်အားပြန်ပြောလေ၏။ ကောင်းကင်တမန်ကလည်း၊သန့်ရှင်းသောဝိညာဉ်တော်သည်သင်၏အပေါ်မှာသက်ရောက်တော်မူ၍၊အမြင့်ဆုံးသောဘုရား၏တန်ခိုးအာနုဘော်တော်သည်သင့်ကိုလွှမ်းမိုးလိမ့်မည်။ ထိုအကြောင်းကြောင့်ထိုသန့်ရှင်းသောသားသည်လည်းဘုရားသခင်၏သားတော်ဟုခေါ်ဝေါ်သမုတ်ခြင်းကိုခံရလိမ့်မည်။”(ရှင်လုကာခရစ်ဝင်ကျမ်း ၁း၃၁-၃၅)**

**“အချိန်ကာလစေ့သောအခါ၊ငါတို့သည်သား၏အခွင့်အရာကို**

**ခံရမည်အကြောင်း၊ပညတ်တရားလက်၌ရှိသောငါတို့ကိုရွေး နှုတ်စေခြင်းငှါ၊မိန်းမဝမ်း၌ပဋိသန္ဓေယူ၍ပညတ်တရား အောက်၌ဘွားမြင်ရသောသားတော်ကိုဘုရားသခင်သည် စေလွှတ်တော်မူ၏။" (ဂလာတိဩဝါဒစာ ၄း၄)**

ထို့ကြောင့်၊သခင်ယေရှုခရစ်တော်သည်ဘုရားသခင်၏သား တော်ဟူ၍၎င်း၊လူမိန်းမမှဖွားမြင်ပြီးလူ၏သားဟူ၍၎င်း၊နှစ်မျိုးစလုံး၌ပါ ဝင်နေပါသည်။ ဘုရားသခင်သည်သူ၏ဖခင်ဖြစ်တော်မူပြီး၊မာရီမှာသူ ၏မိခင်ဖြစ်ပါသည်။

## ဘုရားသခင်၏သားတော်။

သခင်ယေရှုသည်ဘုရားသခင်၏ပကတိသားတော်ဖြစ်သဖြင့် ဘုရားသခင်နှင့်စစ်မှန်သောသားအဖကဲ့သို့ဆက်ဆံမှုရှိခဲ့ပါသည်။

**"ထိုခရစ်တော်သည်လူဇာတိအဖြစ်နေစဉ်ကာလ၊သေခြင်း မှကယ်လွှတ်နိုင်တော်မူသောသူကို၊ကြီးစွာသောကြွေးကြော် ခြင်း၊မျက်ရည်ကျခြင်းနှင့်ဆုတောင်းပဌနာပြုသဖြင့်၊ ကြောက်ရွံ့ရာအမှု၌ချမ်းသာရသည်ဖြစ်၍၊ဘုရားသခင်၏ သားတော်မှန်သော်လည်း၊ဆင်းရဲဒုက္ခကိုခံသောအားဖြင့် နားထောင်ခြင်းအကျိုးအကြောင်းကိုသင်တော်မူ၏။"(ဟေ ဗြဲဩဝါဒစာ ၅း၇-၈)**

သခင်ယေရှုသည်ဘုရားသခင်ထံမှသင်ကြားခဲ့ပြီးမကြာခဏ ဘုရားသခင်နှင့်စကားပြောဆိုတော်မူခဲ့ပါသည်။



**"ထိုနေ့ရက်ကာလ၌ကိုယ်တော်သည်ဆုတောင်းပဌနာပြု ခြင်းငှါတောင်ပေါ်သို့ကြွ၍ဘုရားသခင်အားဆုတောင်းပဌ နာပြုလျက်တညဥ့်လုံးနေတော်မူ၏။" (ရှင်လုကာခရစ်ဝင် ကျမ်း ၆း၁၂)**

## လူ၏သား၊

လူ၏သားအနေဖြင့်သေမျိုးဖြစ်သောသဘာဝနှင့်အပြစ်၏စုံ စမ်းခံရခြင်းတို့ကိုအမွေခံခဲ့ပါသည်။

**"ထိုသူငယ်တို့သည်အသွေးအသားနှင့်ဆက်ဆံကြသော ကြောင့်၊ခရစ်တော်သည်အသေခံတော်မူသောအားဖြင့်၊သေ ခြင်းတရားကိုအစိုးရသောသူတည်းဟူသောမာရ်နတ်၏တန် ခိုးကိုချိုးဖဲ့ဖျက်ဆီးခြင်းငှါ၎င်း၊သေဘေးကိုကြောက်၍တ သက် လုံးကျွန်ခံရသောသူတို့ကိုကယ်လွှတ်ခြင်းငှါ၎င်း၊ထိုသူ ငယ်တို့၏နည်းတူအသွေးအသားကိုဆောင်ယူတော်မူ၏။" (ဟေဗြဲဩဝါဒစာ ၂း၁၄)**

**"ဇာတိပတကိကြောင့်ပညတ်တရားသည်အားနည်း၍မ တတ်နိုင်သောအမှုကိုဘုရားသခင်ပြုတော်မူခြင်းငှါ၊အပြစ် နှင့်ပြည့်စုံသောဇာတိပကတိ၏သဏ္ဌာန်ကိုဆောင်သောမိမိ သားတော်ကိုစေလွှတ်တော်မူ၍အပြစ်ဖြေဘို့ရာဇာတိပက တိ၌အပြစ်ကိုဒဏ်ပေးတော်မူ၏။" (ရောမဩဝါဒစာ ၈း၃)**

## ✷ ဘုရားသခင်နှင့်သခင်ယေရှုထပ်တူဖြစ်ပါသလား?

သမ္မာကျမ်းစာတော်မြတ်၌ဘုရားသခင်သည်တစ်ဆူတည်း

ဖြစ်ကြောင်းနှင့်ယေရှုခရစ်တော်သည်သူ၏သားတော်ဖြစ်ကြောင်းကို သွန်သင်ထားပါသည်။

**၁။ သခင်ယေရှုနှင့်ဘုရားသခင်သည်ကိုယ်ခန္ဓာတစ်ခုတည်းဖြစ်သည်(သို့မဟုတ်)ထပ်တူထပ်မျှဖြစ်သည်(သို့မဟုတ်)တူညီသောထာဝရဖြစ်စဥ်ရှိပါသည်ဟုဆိုလျှင်ဖြစ်နိုင်မှုရှိနိုင်ပါသလား?**

အောက်ဖေါ်ပြပါဇယားကွက်သည်သခင်ယေရှုနှင့်ဘုရားသခင်ခြားနားကြောင်းအချို့ကိုမီးမောင်းထိုးပြပါလိမ့်မည်။ ဤအချက်များကိုဘုရားသခင်၏မှတ်တမ်းဖြစ်သောသမ္မာကျမ်းစာမှကောက်နှုတ်ထားပါသည်။

| | |
|---|---|
| **ဘုရားသခင်သည်စုံစမ်းခြင်းကိုမခံရပါ။**<br>"အပြစ်သွေးဆောင်ခြင်းကိုခံရသောသူမည်သည်ကား။ဘုရားသခင်သည်ငါ့ကိုသွေးဆောင်တော်မူသည်ဟုမပြောစေနှင့်။ မကောင်းသောအရာသည်ဘုရားသခင်ကိုမသွေးဆောင်နိုင်ရာ။ ကိုယ်တော်သည်လည်းအဘယ်သူကိုမျှအပြစ်သို့သွေးဆောင်တော်မမူ။ (ရှင်ယာကုပ်ဩဝါဒစာ ၁း၁၃) | **သခင်ယေရှုသည်စုံစမ်းနှောင့်ရှက်ခြင်းကိုခံခဲ့ရသည်။**<br>"ထိုသို့စုံစမ်းနှောင့်ရှက်ခြင်းကိုကိုယ်တော်တိုင်ခံ၍ဒုက္ခဆင်းရဲခြင်း၌ကျင်လည်သောကြောင့်၊စုံစမ်းနှောင့်ရှက်ခြင်းအမှုနှင့်တွေ့ကြုံသောသူတို့ကိုစမခြင်းငှါတတ်နိုင်တော်မူ၏။" (ဟေဗြဲဩဝါဒစာ ၂း၁၈)<br><br>"ငါတို့ယဇ်ပုရောဟိတ်မင်းသည်ငါတို့ခံရသောဆင်းရဲဒုက္ခများကြောင့်မကြွင်နာနိုင်သောသူမဟုတ်။ ငါတို့ခံရသည်နည်းတူ၊အမျိုးမျိုးသော |



| | |
|---|---|
| | စုံစမ်းနှောင့်ရှက်ခြင်းတို့ကိုခံဘူးသောသူဖြစ်တော်မူ။ သို့ရာတွင်၊ဒုစရိုက်အပြစ်နှင့်ကင်းလွတ်တော်မူ၏။" (ဟေဗြဲဩဝါဒစာ ၄း၁၄-၁၅) |
| **ဘုရားသခင်အားမတွေ့မမြင်နိုင်ပါ။**<br>"အဘယ်သူမျှမချဥ်းကပ်နိုင်သောအလင်းထဲ၌နေတော်မူသောထသော၊အဘယ်သူမျှမမြင်ဘူးရာ၊မမြင်နိုင်ရာဖြစ်တော်မူထသော၊"(တိမောသေဩဝါဒစာပထမစောင် ၆း၁၆) | **သခင်ယေရှုအားတွေ့မြင်နိုင်သည်။**<br>"ထိုပြတော်မူခြင်းကား၊ယေရှုသည်သေခြင်းမှထမြောက်တော်မူသည်နောက်တပည့်တော်တို့အားကိုယ်ကိုသုံးကြိမ်မြောက်သောပြတော်မူခြင်းဖြစ်သတည်း။"(ရှင်ယောဟန်ခရစ်ဝင်ကျမ်း ၂၁း၁၄) |
| **ဘုရားသခင်သည်အလုံးစုံတို့ကိုသိကျွမ်းတော်မူ၏။**<br>"အဘယ်သူသည်မထင်ရှားသောအရပ်၌ပုန်းရှောင်၍နေနိုင်သနည်းဟုထာဝရဘုရားမေးတော်မူ၏။ ငါသည်ကောင်းကင်မြေကြီးကိုနှံ့ပြားသည်မဟုတ်လောဟုထာဝရဘုရားမေးတော်မူ၏"(ယေရမိအနာဂတ္တိကျမ်း ၂၃း၂၄) | **သခင်ယေရှုသည်သင်ကြားမှုကိုခံခဲ့သည်။**<br>"ယေရှုသည်လည်းအစဥ်အတိုင်းကြီး၍ပညာတိုးပွားလျက်၊ဘုရားသခင်ရှေ့၊လူတို့ရှေ့မှာမျက်နှာရတော်မူ၏။" (ရှင်လုကာခရစ်ဝင်ကျမ်း ၂း၅၂)<br><br>"ဘုရားသခင်၏သားတော်မှန်သော်လည်း၊ဆင်းရဲဒုက္ခကိုခံသောအားဖြင့်နားထောင်ခြင်းအကျိုးအကြောင်း |

| | |
|---|---|
| | ကိုသင်တော်မူ၏။”(ဟေဗြဲဩဝါဒ<br>စာ ၅း၈)<br>“ထိုအချိန်နာရီကိုကား၊ခမည်းတော်<br>မှတပါးအဘယ်သူမျှမသိ။ ကောင်း<br>ကင်တမန်များမသိ။ သားတော်<br>လည်းမသိ။ (ရှင်မာကုခရစ်ဝင်<br>ကျမ်း ၁၃း၃၂) |
| **ဘုရားသခင်သည်မသေနိုင်ပါ။**<br>“ငါသည်ကိုယ်တိုင်အားဖြင့်ဘုရား<br>ဖြစ်ကြောင်းကိုဎင်း၊ငါမှတပါး<br>အခြားသောဘုရားမရှိကြောင်း<br>ကိုဎင်းကြည့်ရှု ကြလော့။-<br>ငါသည်အစဉ်အမြဲအသက်<br>ရှင်ပေ၏ဟု. ”(တရားဟော<br>ရာကျမ်း၃၂း၃၉-၄၀)<br><br>“မရဏာနှင့်ကင်းလွတ်သော<br>သူတပါးတည်းဖြစ်တော်မူထ<br>သော၊. . ”(တိမောသေဩဝါဒ<br>စာပထမစောင် ၆း၁၆) | **သခင်ယေရှုအသေခံခဲ့သည်။**<br>“ငါသည်ကိုယ်တိုင်ခံယူသည့်အတိုင်း<br>သင်တို့အားရှေးဦးစွာအပ်ပေးသော<br>အကြောင်းအရာဟူမူကား၊ခရစ်<br>တော်သည်ကျမ်းစာလာသည့်အ<br>တိုင်းငါတို့အပြစ်ကြောင့်အသေခံ<br>တော်မူ၏။”(ကောရိန္သုဩဝါဒစာ<br>ပထမစောင် ၁၅း၃)<br><br>“အသက်ရှင်သောသူလည်းဖြစ်၏။<br>ငါသည်အရင်သေသည်ဖြစ်၍၊ကမ္ဘာ<br>အဆက်ဆက်အသက်နှင့်ပြည့်စုံ၏။”<br>(ဗျာဒိတ်ကျမ်း ၁း၁၈) |
| **ဘုရားသခင်ကိုမည်သူမျှမအုပ်စိုး**<br>**ပါ။**<br>“ငါသည်ထာဝရဘုရားဖြစ်၏။ | **သခင်ယေရှုသည်ဘုရားသခင်၏အုပ်**<br>**စိုးခြင်းကိုခံတော်မူ၏။**<br>“အကြောင်းမူကား၊ငါ့ခမည်းတော် |



| | |
|---|---|
| ထိုနာမသည်ငါ့နာမဖြစ်၏။<br>ငါ့ဘုန်းကိုအခြားသောသူအား<br>ဎင်း၊. . ငါမပေး။” (ဟေရှာ<br>ယအနာဂတ္တိကျမ်း ၄၂း၈) | သည်ငါ့ထက်သာ၍ကြီးမြတ်တော်မူ<br>၏။” (ရှင်ယောဟန်ခရစ်ဝင်ကျမ်း<br>၁၄း၂၈)<br><br>“ယောက်ျား၏ခေါင်းကားခရစ်<br>တော်ဖြစ်သည်ကိုဎင်း၊မိန်းမ၏ခေါင်း<br>ကားယောက်ျားဖြစ်သည်ကိုဎင်းခရစ်<br>တော်၏ခေါင်းကားဘုရားသခင်ဖြစ်<br>တော်မူသည်ကိုဎင်း၊သင်တို့သိမှတ်<br>စေခြင်းငှါငါအလိုရှိ၏။” (ကော<br>ရိန္သုဩဝါဒစာပထမစောင် ၁၁း၃)<br><br>“ခပ်သိမ်းသောအရာတို့ကိုသူ့<br>အောက်၌ချထားတော်မူသောသူ<br>၏အုပ်စိုးတော်မူခြင်းကိုသားတော်<br>သည်ကိုယ်တိုင်ဝန်ခံလိမ့်မည်။”<br>(ကောရိန္သုဩဝါဒစာပထမစောင်<br>၁၅း၂၈) |
| **ဘုရားသခင်သည်ထာဝရဖြစ်၏။**<br>“လောကဓာတ်တို့၏ဘုရင်တည်းဟူ<br>သော၊ဖောက်ပြန်ပျက်စီးခြင်းနှင့်ကင်း<br>လွတ်တော်မူထသော၊တဆူတည်း<br>သောဘုရားသခင်သည်ကမ္ဘာအဆက်<br>ဆက်ဂုဏ်အသရေဘုန်းအာနုဘော် | **သခင်ယေရှုသည်ဖန်ဆင်းခံဖြစ်**<br>**သည်။**<br>“အချိန်ကာလစေ့သောအခါ၊ငါ<br>တို့သည်သား၏အခွင့်အရာကိုခံရ<br>မည်အကြောင်း၊ပညတ်တရားလက်<br>၌ရှိသောငါတို့ကိုရွေးနှုတ်စေခြင်း |

| | |
|---|---|
| ရှိတော်မူပါစေသတည်း။<br>အာမင်။” (တိမောသေသြဝါဒ<br>စာပထမစောင် ၁း၁၇) | ငါ၏မိန်းမဝမ်း၌ပဋိသန္ဓေယူ၍ပညတ်<br>တရားအောက်၌ဘွားမြင်ရသော<br>သားတော်ကိုဘုရားသခင်သည်စေ<br>လွှတ်တော်မူ၏။”(ဂလာတိသြဝါ<br>ဒစာ ၄း၄)<br><br>“အကြောင်းမူကား၊သင်သည်ငါ့သား<br>ဖြစ်၏။ ယနေ့ပင်သင့်ကိုငါဖြစ်<br>ဘွားစေပြီဟူ၍ဂုဏ်း၊”(ဟေဗြဲသြ<br>ဝါဒစာ ၁း၅) |
| **ဘုရားသခင်သည်အလုံးစုံသော<br>တန်ခိုးတော်အရှင်ဖြစ်တော်မူသည်။**<br>“ငါထာဝရဘုရားသည်ခပ်သိမ်းသော<br>သတ္တဝါတို့ကိုအစိုးရသောဘုရား<br>သခင်ဖြစ်၏။ ငါမတတ်နိုင်<br>သောအရာတစုံတခုရှိလိမ့်<br>မည်လော။”(ယေရမိအနာ<br>ဂတ္တိကျမ်း ၃၂း၂၇)<br><br>“ဣသရေလအမျိုး၏သန့်ရှင်း<br>သောဘုရား၊ထိုအမျိုးကိုဖန်ဆင်း<br>သောထာဝရဘုရားမိန့်တော်<br>မူသည်ကား၊သင်တို့သည်ဖြစ်<br>လတ့်သောအမှုကိုငါ့ထံ၌မေး | **သခင်ယေရှုသည်အလုံးစုံသောတန်<br>ခိုးရှင်မဟုတ်ပါ။**<br>“ယေရှုကလည်း၊သင်တို့အားငါ<br>အမှန်အကန်ဆိုသည်ကား၊ခမည်း<br>တော်ပြုတော်မူသောအမှုကိုသား<br>တော်သည်မြင်၍သာပြု၏။ မိမိ<br>အလိုအလျောက်အဘယ်အမှုကို<br>မျှမပြုနိုင်။ ခမည်းတော်ပြုသမျှ<br>အတိုင်းသားတော်လည်းပြု၏။<br>ခမည်းတော်သည်သားတော်ကို<br>ချစ်တော်မူ၍ပြုတော်မူသမျှတို့<br>ကိုသားတော်အားပြတော်မူ၏။”<br>(ရှင်ယောဟန်ခရစ်ဝင်ကျမ်း ၅း<br>၁၉-၂၀) |



| | |
|---|---|
| မြန်းကြလော့။ ငါ့သားတို့အ<br>တွက်၊ငါကိုယ်တိုင်ပြုသောအ<br>မှုအတွက်ကြောင့်ငါ့ကိုစီရင်<br>ကြလော့။ မြေကြီးကိုငါလုပ်<br>လေပြီ။ မြေကြီးပေါ်မှာလူ<br>ကိုလည်းဖန်ဆင်းလေပြီ။<br>မိုယ်းကောင်းကင်တန်<br>ဆာအပေါင်းတို့ကိုငါခန့်<br>ထားလေပြီ။”(ဟေရှာယအနာ<br>ဂတ္တိကျမ်း ၄၅း ၁၁-၁၂) | “ထိုခရစ်တော်သည်လူ့ဇာတိအ<br>ဖြစ်၌နေစဉ်ကာလ၊သေခြင်းမှ<br>ကယ်လွှတ်နိုင်တော်မူသောသူကို၊<br>ကြီးစွာသောကြွေးကြော်ခြင်း၊မျက်<br>ရည်ကျခြင်းနှင့်ဆုတောင်းပဌနာ<br>ပြုသဖြင့်၊ကြောက်ရွံ့စရာအမှု၌<br>ချမ်းသာရသည်ဖြစ်၍၊. . ”(ဟေ<br>ဗြဲသြဝါဒစာ ၅း၇) |
| **ဘုရားသခင်သည်စုံလင်တော်<br>မူသည်။**<br>“ထို့ကြောင့်ကောင်းကင်ဘုံ၌ရှိ<br>တော်မူသောသင်တို့အဘသည်စုံလင်<br>တော်မူသည်နည်းတူသင်တို့သည်<br>လည်းစုံလင်ခြင်းရှိကြလော့။”<br>(ရှင်မဿဲခရစ်ဝင်ကျမ်း ၅း၄၈) | **သခင်ယေရှုသည်စုံလင်ခြင်းသို့ရောက်<br>အောင်ပြုလုပ်ခဲ့သည်။**<br>“ထိုသို့စုံလင်ခြင်းသို့ရောက်ပြီးမှ၊<br>ယုံကြည်နားထောင်သောသူအပေါင်း<br>တို့အားထာဝရကယ်တင်ခြင်းကျေး<br>ဇူးကိုပြုသောသူဖြစ်တော်မူ၍၊”<br>(ဟေဗြဲသြဝါဒစာ ၅း၉)<br><br>“ယေရှုက၊ငါ့ကိုကောင်းမြတ်သည်<br>ဟုအဘယ်ကြောင့်ခေါ်သနည်း။<br>ဘုရားသခင်တပါးတည်းသာကောင်း<br>မြတ်တော်မူ၏။” (ရှင်လုကာခရစ်<br>ဝင်ကျမ်း ၁၈း၁၉) |

| | |
|---|---|
| **ဘုရားသခင်သည်ပြောင်းလဲခြင်းမရှိ။**<br>"ငါသည်ထာဝရဘုရားဖြစ်၏။ ပြောင်းလဲခြင်းမရှိ။ ထို့ကြောင့်၊ ယာကုပ်အမျိုးသားတို့၊သင်တို့သည်ဆုံးရှုံးခြင်းသို့မရောက်ကြ" (မာလခိအနာဂတ္တိကျမ်း ၃း၆) | **သခင်ယေရှုသည်ပြောင်းလဲခဲ့သည်။**<br>"သူ့ကိုကောင်းကင်တမန်တို့အောက်၌အနည်းငယ်နှိမ့်တော်မူပြီ။ သူ၏ခေါင်းကိုဘုန်းအသရေနှင့်ပတ်ရစ်တော်မူပြီ။"(ဟေဗြဲသြဝါဒစာ ၂း၇) |
| **ဘုရားသခင်တွင်ဘုရားမရှိပါ။**<br>"ကောင်းကင်ဗိုလ်ခြေအရှင်ထာဝရဘုရားမိန့်တော်မူသည်ကား၊ငါသည်အဦးဆုံးသောသူ၊နောက်ဆုံးသောသူဖြစ်၏။ ငါမှတပါးအခြားသောဘုရားသခင်မရှိ။. . . ငါမှတပါးအခြားသောဘုရားသခင်ရှိသလော။ ငါမှတပါးအခြားသောမူလအမြစ်မရှိ။ တစုံတဦးကိုမျှငါမသိ။" (ဟေရှာယအနာဂတ္တိကျမ်း ၄၄း၆၊၈) | **သခင်ယေရှုတွင်ဘုရားရှိသည်။**<br>"ယေရှုကလည်း၊ငါ့ကိုမဘက်နှင့်ဦး။ ငါသည်ငါ့ခမည်းတော်ထံသို့မတက်ရသေး။ ငါ့ညီတို့ရှိရာသို့သွားလော့။ ငါ၏ခမည်းတော်တည်းဟူသောသင်တို့၏ခမည်းတော်၊ငါ၏ဘုရားသခင်တည်းဟူသောသင်တို့၏ဘုရားသခင့်ထံတော်သို့ငါတက်ရမည်အကြောင်းအရာကိုကြားပြောလော့ဟုမိန့်တော်မူသည်နှင့်အညီ၊. . ."(ရှင်ယောဟန်ခရစ်ဝင်ကျမ်း ၂၀း၁၇) |
| **ဘုရားသခင်သည်လူသားမဟုတ်ပါ။**<br>ဘုရားသခင်သည်မုသာစကားကိုပြောအံ့သောငှါလူဖြစ်တော်မူသည်မဟုတ်။ နောင်တရအံ့သောငှါ | **သခင်ယေရှုသည်လူ့ဇာတိကိုခံယူတော်မူခဲ့သည်။**<br>"သင်တို့သိကြသည့်အတိုင်းနာဇရက်မြို့သားယေရှုသည်ထူးဆန်းသော |



| | |
|---|---|
| လူသားဖြစ်တော်မူသည်မဟုတ်။ မိန့်တော်မူပြီးမှ၊စကားတော်အတိုင်းမပြုဘဲနေတော်မူမည်လော။ ဂတိထားတော်မူပြီးမှ၊ဂတိတော်မတည်ဘဲနေတော်မူမည်လော။" (တောလည်ရာကျမ်း ၂၃း၁၉) | တန်ခိုး၊နိမိတ်လက္ခဏာ၊အံ့ဘွယ်သောအမှုတို့ကိုသင်တို့တွင်ပြုရသောအခွင့်နှင့်ဘုရားသခင်ပေးတော်မူသောသက်သေကိုရသောသူဖြစ်၍၊. . (တမန်တော် ဝတ္ထု ၂း၂၂)<br><br>"ဘုရားသခင်တဆူတည်းရှိတော်မူ၏။ ဘုရားသခင်နှင့်လူတို့၏စပ်ကြားမှာလူဖြစ်သောယေရှုခရစ်တည်းဟူသောအာမခံတဦးတည်းရှိ၏။" (တိမောသေသြဝါဒစာပထမစောင် ၂း၅) |

အထက်ပါခြားနားမှုအရ၊ဘုရားသခင်နှင့်သခင်ယေရှုတို့သည်ထူးခြားသောဝိသေသနတစ်မျိုးစီရှိကြသောခြားနားသည့်ပုဂ္ဂိုလ်များဖြစ်ကြောင်းသိရှိနိုင်ပါသည်။

### ✷ သုံးပါးတစ်ဆူဘုရား(သို့မဟုတ်)ကြိနတီ ။

ဤစာအုပ်ငယ်တွင်ဖော်ပြကိုးကားထားချက်အားလုံးတို့သည်သမ္မာကျမ်းစာတစ်ခုထဲမှသာလျှင်ထုတ်နုတ်ထားပါသည်။ သုံးပါးတစ်ဆူဘုရားအကြောင်းဆွေးနွေးရန်မဖြစ်နိုင်သောအခြေရှိပါသည်။ အကြောင်းမှာ၊ယင်းသည်သမ္မာကျမ်းစာ၏ပြင်ပတွင်စတင်အခြေပြုဖြစ်ပေါ်ခဲ့သောကြောင့်ဖြစ်သည်။

သမ္မာကျမ်းစာ၏မည်သည့်နေရာတွင်မှ၊"သုံးပါးတစ်ဆူဘုရား"

ဟူသောစကားရပ်ကိုမတွေ့ရသကဲ့သို့၊သုံးပါးတစ်ဆူဘုရားကိုလက်ခံသူတို့၏အခေါ်အဝေါ်အရ၊"သားတော်သည်ဘုရားသခင်(သို့မဟုတ်)ဘုရားသခင်သည်သန့်ရှင်းသောဝိညာဉ်တော်"ဖြစ်သည်ဟူသောဝေါဟာရကိုလုံးဝမတွေ့ကြရပါ။

ဘာသာရေးသမိုင်းဆရာနှင့်အနက်ဖွင့်ကျမ်းများကိုရေးသားသူများကသုံးပါးတစ်ဆူဘုရားဟူသောအခြေခံယုံကြည်ချက်သည်ဓမ္မဟောင်းကျမ်းစာ၏သွန်သင်ချက်မဟုတ်ကြောင်းဝန်ခံကြပါသည်။

ယခုအခါတွင်၊အနက်ဖွင့်ကျမ်းရေးသားသူတို့နှင့်ဘုရားသခင်အကြောင်းလေ့လာသိကြွမ်းသူပညာရှင်တို့ကသုံးပါးတစ်ဆူဟူသောအခြေခံယုံကြည်ချက်သည်မူရင်းဟေဗြဲဘာသာဖြင့်ရေးသားထားမှုကိုမတွေ့ကြရကြောင်းသဘောတူညီကြပါသည်။(Mircea, E, editor. The Encyclopedia of Religion. Trinity. New York;1987;15;54)

**() ကျွန်တော်တို့သည်ဓမ္မသစ်ကျမ်းစာတွင်သုံးပါးပေါင်းတစ်ဆူဘုရားနှင့်ပတ်သက်၍ဖတ်ရှုမိကြပါသလား?**

အထက်ပါရည်ညွှန်းချက်စာစောင်တွင်ပင်အောက်ပါအတိုင်းဖတ်ရှုနိုင်ကြပါသည်။

အနက်ဖွင့်ကျမ်းရေးသားသူတို့နှင့်ဘုရားသခင်အကြောင်းလေ့လာသိကြွမ်းကြသူပညာရှင်တို့ကသုံးပါးတစ်ဆူဘုရားဟူသောအခြေခံယုံကြည်ချက်သည်ဓမ္မသစ်ကျမ်းတွင်ရှင်းလင်းပြတ်သားစွာဖေါ်ပြထားခြင်းမရှိကြောင်းကိုသဘောတူညီကြပါသည်။(Mircea, E, editor. The Encyclopedia of Religion. Trinity. New York;1987;15;54)



သမ္မာကျမ်းစာတော်မြတ်ကိုတစုတည်းပြုစုပြီးသည့်နောက်ပိုင်းသုံးပါးတစ်ဆူဘုရားဟူသောအခြေခံယုံကြည်ခြင်းမရှိဘဲယုံကြည်လက်ခံခဲ့ကြပါသည်။ ကက်သလစ်စွယ်စုံကျမ်းအသစ်တွင်ရေးသားချက်ကိုဖတ်ရှုစဉ်းစားနိုင်ပါသည်။

"ဘုရားတစ်ဆူ၊ပုဂ္ဂိုလ်သုံးပါး"ဟူသောခံယူချက်ကို(၄)ရာစုအကုန်မတိုင်မှီအထိခိုင်မာစွာအခြေပြုခြင်းမရှိသေးသည့်အတွက်ခရစ်ယာန်တို့၏အသက်တာနှင့်ယုံကြည်ဝန်ခံမှုအပိုင်းတွင်သေချာစွာလွှမ်းမိုးနိုင်ခြင်းမရှိခဲ့ပါ။ သို့ရာတွင်၎င်းမှ( Tri- nitarian)ဟူသောအရာကိုတရားသေခံယူရမည့်အချက်တစ်ခုသည်ပထမတိကျစွာပေါ်ထွက်ခဲ့လေသည်။ ဖခင်တမန်တော်တို့လက်ထက်တွင်၎င်းသို့သောစိတ်နေသဘောထားခံယူချက်ချဉ်းကပ်မှုလုံးဝမရှိခဲ့ပါ။" ( New Catholic Encyclopedia. New Yrok; Guild Publishers;1967-1974. Trinity;14;299)

**() သုံးပါးတစ်ဆူဟူသောယုံကြည်ချက်သည်ဘုရားသခင်၏နှုတ်ကပတ်တော်တွင်မပါဝင်သော်လည်း၊အဘယ်ကြောင့်အသင်းတော်၏သွန်သင်ချက်တွင်ထင်ပေါ်ကျော်ကြားရသနည်း?**

**() သုံးပါးတစ်ဆူဘုရားဟူသောယုံကြည်ချက်အယူအဆသည်တမန်တော်များလက်ထက်အခြေပြုဆင်းသက်လာခြင်းမရှိလျှင်မည်သည့်နေရာမှဝင်ရောက်လာခဲ့ရသနည်း?**

သုံပါးပေါင်းတစ်ဆူဘုရားအကြောင်းကိုခရစ်ယာန်မဟုတ်သောဘာသာများ၌ရှေးကာလမှစ၍သင်ကြားခဲ့ကြသည်။ မက်ဆိုပိုတေးမီးယားဒေသတွင်ဘုရားသုံးဆူတို့မှာ၊အဲနူ( Anu)ဟုခေါ်သော"ကောင်းကင်ဘုရား"၊အဲန်လစ်(လ)( Enlil)ဟုခေါ်သော"မြေကြီးဘုရား"နှင် အဲ

Ea)ဟုခေါ်သော“ရေဘုရား”တို့ရှိခဲ့ကြလေသည်။ ရှေးဗာဗုလုန်ခေတ်တွင်ဘုရားများဖြစ်သော၊( Nimrod)နိမ်ရော(ဒ)၊(Semiramas)စီမီရာမတ်(စ)နှင့်( Tammuz) တာမူ(ဇ)တို့ရှိခဲ့ကြသည်။ စုပေါင်းထားသောထိုသူတို့၏ဘုရားသုံးဆူများသည်ရှေးရာစုနှစ်များ၊သခင်ခရစ်တော်နောက်ပိုင်းအထိပင်အီဂျစ်၊ဂရိနှင့်ရောမနိုင်ငံတို့တွင်အများအပြားတွေ့ရှိခဲ့ကြသည်။

တမန်တော်များကွယ်လွန်ခဲ့ကြပြီးသည့်နောက်တွင်ထိုစိတ်ကူးစိတ်သန်များသည်ခရစ်ယာန်သသာသနာတော်အတွင်းသို့ဝင်ရောက်လာခဲ့ကြောင်းကို Seigfried Morenz ဆိုသူရေးသားသော Egyptian Religion စာအုပ်တွင်အောက်ပါအတိုင်းရေးသားထားရှိသည်ကိုတွေ့ရှိရပါသည်။

“သုံးပါးပေါင်းတစ်ဆူဘုရားသည်အီဂျစ်ဘာသာရေးဆိုင်ရာဆည်းပူးသောပညာရပ်တွင်အလျှင်ဦးစွာအဓိကနေရာယူထားပါသည်။ ဘုရားသုံးပါးတို့မှစုပေါင်းပြီးလူတို့နှင့်ဆက်ဆံရာတွင်၎င်း၊ဗျာဒိတ်ပေးရာတွင်၎င်း၊တစ်ဆူတည်းအဖြစ်ရပ်တည်ခဲ့ကြောင်း၊ဤနည်းအားဖြင့်အားကြီးသောအီဂျစ်ဝိညာဉ်ရေးဆိုင်ရာသည်ခရစ်ယာန်သာသနာတော်နှင့်တိုက်ရိုက်ဆက်သွယ်မှုရှိကြောင်း”ဖေါ်ပြခြင်းပင်ဖြစ်သည်။(Morenz, S. Egyptian Religion. Cornell:University Press:1973:254-257)

အထူးစိတ်ဝင်စားစရာကောင်းသည်မှာ၊သုံးပါးပေါင်းတစ်ဆူဘုရားနှင့်ပတ်သက်၍ပြုလုပ်ဆောင်သောဆွေးနွေးပွဲကိုအသင်းတော်ခေါင်းဆောင်များသည်အီဂျစ်နိုင်ငံတွင်ကျင်းပခဲ့ခြင်းဖြစ်သည်။ ယင်းအကြောင်းကို-Edward Gibbon ဆိုသူသည် History of Christinity စာအုပ်တွင်အမှာစာရေးရာတွင်အသင်းတော်ခေါင်းဆောင်များ၏ဆွေးနွေးမှုများသည်အီဂျစ်ဘာသာရေး၏အရိပ်လွှမ်းမိုးမှုအောက်တွင်ရှိနေကြောင်းကိုရေးသားထားခဲ့ပါသည်။



အခြားသောဘာသာတို့ကိုခရစ်ယာန်သာသနာသည်အောင်နိုင်ခဲ့သည်ဟုဆိုလျှင်၊ယင်းနှင့်ထပ်တူပင်ခရစ်ယာန်သာသနာသည်လည်းအခြားသောဘာသာများကြောင့်ပျက်ယွင်းခဲ့သည်ဟုဆိုင်နိုင်ပါသည်။

ဘုရားသာရှိ၍ဓမ္မသစ်ကျမ်းစုစည်းမှုမရှိသေးသောပထမရာ စုခရစ်ယာန်တို့၏စစ်မှန်သောခံယူချက်များကိုရောမကက်သလစ်အသင်းတော်သည်ပြောင်းလဲပစ်ပြီးထိုသူတို့မသိမြင်နိုင်သောသုံးပါးတစ်ဆူဘုရားအကြောင်းကိုသွတ်သွင်းခဲ့ကြသည်။ အီဂျစ်တို့ဖန်တီးထားသောမြောက်များစွာသောအယူဝါဒများနှင့်ပလူတိုတို့၏အတွေးအခေါ်များကိုလက်စွဲပြု၍ထိုက်တန်သောယုံကြည်သက်ဝင်မှုအဖြစ်စတင်ဖန်တီးခဲ့ကြသည်ဟုရေးသားထားပါသည်။(E. Gibbon.History of Christinity, Republished by Arno Press:1972)

ခရစ်ယာန်သာသနာပြင်ပမှဆင်ခြင်တုံတရားတို့သည်ခရစ်ယာန်သာသနာတော်အတွင်းသို့အထူးသြဇာဖြင့်ဝင်ရောက်ခဲ့ခြင်းကိုထပ်မံ၍ ဘာသာရေးအဘိဓာန်မှအတည်ပြုထားပါသည်။

“သုံးပါးတစ်ဆူဘုရားသည်ဘာသာခြားများထံမှချေးယူထားသောမှားယွင်းသောအရာဖြစ်ပြီး၊ခရစ်ယာန်ယုံကြည်မှုအတွင်းသို့စဉ်ဆက်မပြတ်တည်မြဲစွာစိုက်သွင်းခဲ့ကြသည်။(A Dictionary of Religious Knowledge. Lyman Abbott;1875. Section on "Trinity" P944)

အချို့ရှေးကျသောဘုရားသုံးဆူများကိုယနေ့တိုင်အောင်ဝတ်ပြုနေကြပါသည်။ အီဂျစ်ပြည်တွင်ဘုရားသုံးဆူများဖြစ်ကြသည့်အိုဆီရိ(စ်)၊အီ(စ်)နှင့်ဟောရပ်(စ)တို့ကိုတစ်ဆူတည်းအဖြစ်ဝတ်ပြုနေဆဲပင်ဖြစ်သည်။ ထို့အတူအိန္ဒိယနိုင်ငံတွင်လည်းဘုရားသုံးဆူဖြစ်သည့်၊ဗြဟ္မာ၊ရှီဗာနှင့်ဝစ်(ရှ်)နူးတို့ကိုမိမိတို့၏သုံးပါးဘုရားများအဖြစ်ဟိန္ဒူဘာသာယုံကြည်မှုအရရှိခိုးနေကြပါသည်။

အခြားအကြောင်းအရာတစ်ခုမှာ၊ခရစ်ယာန်တို့၏သုံပါးတစ်ဆူယုံကြည်မှုဖြစ်ထွန်းရာတွင်ကြီးမားသောဩဇာလွှမ်းမိုးမှုတစ်ခုမှာဂရိအတွေးအခေါ်ပညာရှင်ပလူတို၏သွန်သင်ချက်တို့သည်အခြေခံကျသောသုံးချက်ပေါ်တွင်တည်ရှိနေကြောင်း။ ယင်းတို့မှာ၊ "အမည်မသိဖခင်၊ဆင်ခြင်တုံတရားနှင့်လောကဝိညာဉ်(သို့မဟုတ်)လောကီသား"တို့ပင်ဖြစ်သည်။ အောက်ဖော်ပြပါသမိုင်းပညာရှင်၏မှတ်ချက်အရပလူတို၏အတွေးအခေါ်တို့သည်ထိုစဉ်ကလူတို့အပေါ်ကြီးမားစွာဩဇာသက်ရောက်ခဲ့ခြင်းနှင့်ယင်းအချိန်မှာပင်၊သုံးပါးတစ်ဆူဘုရားဟူသောအအခြေခံယုံကြည်ချက်စတင်ဖြစ်ထွန်းခဲ့သည်ဟုမီးမောင်းထိုးပြထားပါသည်။

"ဘုရားသခင်၏ဂုဏ်အင်္ဂါတော်များကိုဖော်ပြရမည့်အစားပလူတို၏အယူဝါဒကိုဆင်ခြင်ထုံတရားရှိသည့်လူ့အလွှာအားလုံးနီးပါးတို့မှခံယူလက်ခံခဲ့ကြသည်။ ပလူတို၏အတွေးအခေါ်သည်ရုပ်ထုဆင်းထုကိုးကွယ်သောဘာသာခြားတို့ကိုအသစ်ပြုပြင်ပြောင်းလဲရာတွင်အမြင့်ဆုံးအဖွဲ့ဩဖွယ်ရာဦးဆောင်မှုပေးခဲ့ကြောင်းအသိအမှတ်ပြုရပါမည်။ (D. Milman.History of Christianity, Vol.2, P355)

"အခြေခံသုံးချက်(တြိနတိ)အကြောင်းအရာသည်ဆင်ခြင်တုံ



တရားရှိသောလူ့အလွှာများတွင်ရေပန်းစားထင်ပေါ်ကျော်ကြားပြီးပညာတတ်ဩဇာရှိသောအသင်းတော်ခေါင်းဆောင်များကအသင့်ပင်ဆက်ခံခဲ့ကြသည်။ ဤပုဂ္ဂိုလ်များသည်ပင်သုံးပါးပေါင်းတစ်ဆူကိုထုံးဖွဲ့စီရင်ခဲ့ကြပါသည်။ အောက်ဖော်ပြပါမီးမောင်းထိုးပြသည့်လို့ဝှက်မှုသည်သုံးပါးပေါင်းတစ်ဆူအခြေခံယုံကြည်ချက်စတင်ဖြစ်ထွန်းစတွင်ဂရိအတွေးအခေါ်သည်ခရစ်ယာန်သာသနာတော်အပေါ်အလွန်အမင်ဩဇာသက်လွှမ်းမိုးခဲ့ကြောင်းသိရှိနိုင်ပါသည်။ အလက်ဇန္ဒြားမြို့ရှိပညာတတ်တို့သည်ခရစ်ယာန်ဟုအခေါ်ခံခြင်သောဆန္ဒရှိကြသည့်တိုင်အောင်ထိုသူတို့ခံယူထားသောပလူတို၏အယူဝါဒကိုမူစွန့်လွှတ်ကြဖို့ရန်နှင့်အတွေးအခေါ်ပညာရှင်၏ဂုဏ်ကိုအသိအမှတ်မပြုဘဲနေကြရန်ဝန်လေးကြလေသည်။

ထို ၂ ရာစုတွင်နေထိုင်ခဲ့ကြသောသူတို့သည်အလက်ဇန္ဒြားမြို့ရှိခရစ်ယာန်ကျောင်းများဖြစ်သော Athenagoras, Pantaenus နှင့် Celmmens Alexandria တို့တွင်ပညာသင်ခဲ့ကြလေသည်။ ထိုသူတို့သည်ဒဿနိကပညာရှင်များထံတွင်ဖြန့်ကြဲရှိနေသည့်အတွေးအခေါ်အစိပ်အပိုင်းများသည်စစ်မှန်၍တန်ဖိုးကြီးမားသောဘုရားသခင်၏ဆုကျေးဇူးတော်များဖြစ်သည်ဟုတိုက်တွန်းခြင်းရှိခဲ့ကြလေသည်။ ထို့ကြောင့်၊ပညာရှိသူတိုင်း၊အထူးသဖြင့်ခရစ်ယာန်ဓမ္မဆရာတို့သည်ပြန့်ကျဲနေသော(အယူဝါဒ)အတွေးအခေါ်အစအနများကိုစုစည်း၍သာသနာတော်အတွက်အကာအကွယ်အဖြစ်အသုံးပြုခဲ့ကြသည်။(J.Mosheim. An ecclesiastical history. Charlestown;1694-1755:1:152)

အခြားသောဘာသာဝင်များ၏ဘုရားသုံးဆူအပါအဝင်ပလူတို၏နည်းကိုလည်းတစ်ဘက်စာမျက်နှာပါပုံစံကားချပ်ဖြင့်ဖော်ပြထားပါသည်။

**ရှေးဦးမက်ဆိုပိုတေးမီးယား**




**ရှေးဦးဗာဗုလန်**




**အီဂျစ်**







**ဟိန္ဒူဘာသာ**




**ပလူတို၏အတွေးအခေါ်**




**ခရစ်ယာန်တို့၏သုံးပါးပေါင်းတစ်ဆူဘုရား**



## ✹ သုံးပါးတစ်ဆူ၏နောက်ခံသမိုင်း။

ခရစ်ယာန်သာသနာတော်အပေါ် ဘာသာခြားတို့၏အယူဝါဒနှင့်ဂရိအတွေးအခေါ်ဩဇာလွှမ်းမိုးမှုရလာဒ်မှာအသင်းတော်တွင်ငြင်းခုံခြင်းနှင့်အသင်းတော်ကွဲပြားခြင်းတို့ကိုဖြစ်စေခဲ့သည်။ ယင်းကဲ့သို့အသင်းတော်ကွဲပြားသွားခြင်းကိုပြန်လည်၍ရင်ကြားစေ့ပေးရန်ရောမဘုရင်ခံကွန်စတင့်တိန်း(Constantine)သည်အသင်းတော်ခေါင်းဆောင်များအတွက်အထူးအစည်းအဝေးတစ်ရပ်ကိုကျင်းပပေးခဲ့ပါသည်။ ၎င်းအနေဖြင့်၊ခရစ်ယာန်ယုံကြည်ချက်များအပေါ် ဂရုစိုက်အလေးထားမှုမရှိခဲ့ပါ။ သူရှင်းလင်းစွာနားလည်ခဲ့သည်မှာသာသနာကွဲပြားနေခြင်းသည်သူ၏ထီးနန်းအုပ်ချုပ်မှုကိုထိပါးနေသောကြောင့်ဖြစ်သည်ဟုထင်မြင်ခဲ့လေသည်။ ထိုအစည်းအဝေးကြီးကို အေဒီ-၃၂၅ တွင်ကျင်းပရန်အမိန့်ပေးခဲ့ပြီး၊ယင်းကို(Council of Nicaea)နီကေကောင်စီဟုလူသိများခဲ့ပါသည်။ သူသည်ခရစ်ယာန်အခြေခံသွန်သင်ချက်ကိုသာသိကြွမ်းသော်လည်း၊အစည်းအဝေးကိုကိုယ်တိုင်ကြီးကြပ်ပေးပြီးတက်ကြွစွာဖြင့်လမ်းညွှန်မှုကိုပြုလုပ်ခဲ့ပါသည်။

ယင်းအစည်းအဝေးမှာ၊ခရစ်တော်သည်ဘုရားသခင်နှင့်ဘုရားဇာတိတော်တို့မှာတူညီစွာဖြစ်ပွားခံရကြောင်းကိုဆုံးဖြတ်ကြသည်။ အစည်းအဝေးကြီးမှယုံကြည်ချက်(Creed)ကိုရေးသားခဲ့ရာတွင်သန့်ရှင်းသောဝိညာဉ်တော်သည်တစ်ဆူတည်းသောဘုရားသခင်၏တတိယပုဂ္ဂိုလ်အဖြစ်ဖေါ်ပြထားခြင်းမရှိခဲ့ပါ။(ထိုအရာမှာနောက်ပိုင်းကာလတွင်သာဖြစ်ပေါ်လာသည်။)

မည်သို့ပင်ဆိုစေခါမူ၊ယင်းထူးခြားသောအစည်းအဝေးကြီးမှသုံးပါးတစ်ဆူဘုရားဟူသောယုံကြည်ချက်နှင့်သက်ဆိုင်၍အခြေခံအုတ်မြစ်ကိုချမှတ်နိုင်ခဲ့ကြလေသည်။

နီကေကောင်စီမှချမှတ်ခဲ့သောဘုရားသခင်နှင့်သခင်ယေရှုတို့တန်းတူညီသည်ဟူသောအချက်ကိုလက်ခံရန်ငြင်းဆိုသောသူတို့သည်ရေရှည်မငြင်းဆိုနိုင်ခဲ့ကြပါ။ အဘယ်ကြောင့်ဆိုသော်၊ဘုရင်ခံ Theodosiusကငြင်းဆန်သောသူတို့ကိုလက်မခံဘဲဆန့်ကျင်ခဲ့ပြီး၊"နိစိန်ယုံကြည်ချက်"(Nicaean Creed)ကိုထပ်မံအတည်ပြုခဲ့ရုံသာမကနောက်ထပ်အစည်းအဝေးကြီးတစ်ရပ်ကိုခေါ်ရန်ပင်စီစဉ်ခဲ့လေသည်။ အေဒီ၃၈၁တွင်ကွန်စတန်တီနိုပဲ(လ)ကောင်စီ(Council of Constantinopole)အစည်းအဝေးကိုကျင်းပပေးခဲ့ပြီး၊အသင်းတော်ခေါင်းဆောင်များကသန့်ရှင်းသောဝိညာဉ်တော်သည်လည်းဘုရားသခင်နှင့်ခရစ်တော်ကဲ့သို့ပင်တူညီသောဘုရားဇာတိတော်ရှိသည်ဟုဆုံးဖြတ်ခဲ့ကြပါသည်။ ပထမဦးဆုံးအနေဖြင့်သုံးပါးတစ်ဆူဘုရားဟူသောယုံကြည်ချက်သည်စတင်အသက်ဝင်ရှင်သန်ခဲ့ပါတော့သည်။

ကွန်စတန်တီနိုပဲ(လ)ကောင်စီအစည်းအဝေးကြီးပြီးဆုံးသည့်တိုင်အောင်မြောက်များစွာသောသူတို့သည်ယင်းသွန်သင်ချက်နှင့်သက်ဆိုင်သောယုံကြည်ချက်ဆိုင်ရာဆုံးဖြတ်ချက်ကိုလက်မခံကြဘဲမိမိတို့၏အမြင်များကိုသာတင်ပြကြ၍ဆန့်ကျင်ခဲ့ကြမှုကြောင့်၊မကြာခဏပင်အသက်ပင်ပေးဆပ်ခဲ့ကြရသည်။ သုံးပါးတစ်ဆူဘုရားအကြောင်းကိုပိုမိုရှင်းလင်းစွာအဓိပ္ပါယ်ဖေါ်၍မှတ်တမ်းတင်ထားသော(St.Athanasian Creed)ရှင်အသနာစီယုံကြည်ချက်တွင်ဖေါ်ပြထားရှိသည်မှာ၊-

-ကာသိုလ်လဇ်ယုံကြည်ခြင်းတရားဟူသည်ကား၊ပုဂ္ဂိုလ်သုံးပါးပေါင်းကိုရင်း၊ကိုးကွယ်ခြင်းဖြစ်သည်။

-ထိုပုဂ္ဂိုလ်တို့ကိုမရှုပ်မထွေး၊မရောမရှက်၊နဂိုရ်ဇာတိတော်ကိုလည်းမခွဲမခွာ၊မသီးမသန့်ရာ။



-ခမည်းတော်ပုဂ္ဂိုလ်တပါး၊သားတော်လည်းပုဂ္ဂိုလ်တပါး၊ဝိညာဉ်တော်လည်းပုဂ္ဂိုလ်တပါးမှန်လျက်၊

-ခမည်းတော်၊သားတော်၊ဝိညာဉ်တော်တို့၏ဘုရားအဖြစ်သည်တဖြစ်တည်း။ ဘုန်းတော်ဂုဏ်တော်လည်းညီမျှ၍၊အတူထာဝရတည်၏။

-ခမည်းတော်မှာရှိသောဂုဏ်အင်္ဂါအပေါင်းသည်၊သားတော်မှာလည်းရှိ၏။ ဝိညာဉ်တော်မှာလည်းရှိ၏။

-ခမည်းတော်သည်ဖန်ဆင်းခံမဟုတ်၊သားတော်သည်လည်းဖန်ဆင်းခံမဟုတ်၊ဝိညာဉ်တော်သည်လည်းဖန်ဆင်းခံမဟုတ်။

-ခမည်းတော်သည်အနန္တ၊သားတော်သည်လည်းအနန္တ၊ဝိညာဉ်တော်သည်လည်းအနန္တ။

-ခမည်းတော်သည်ထာဝရ၊သားတော်သည်လည်းထာဝရ၊ဝိညာဉ်တော်သည်လည်းထာဝရမှန်၏။

-သို့ပင်ဆိုသော်လည်း၊ထာဝရဘုရားသုံးဆူမရှိ၊တဆူတည်း။

-ထိုနည်းတူဖန်ဆင်းခံမဟုတ်သုံးဆူမရှိ၊တဆူတည်း။ အနန္တသုံးဆူမရှိ၊တဆူတည်း။

-ခမည်းတော်သည်အနန္တတန်ခိုးရှင်၊သားတော်သည်လည်းအနန္တတန်ခိုးရှင်၊ဝိညာဉ်တော်သည်လည်းအနန္တတန်ခိုးရှင်မှန်၏။

-သို့ပင်ဆိုသော်လည်း၊အနန္တတန်ခိုးရှင်သုံးဆူမရှိ၊တဆူတည်း၊

-ခမည်းတော်သည်ဘုရား၊သားတော်သည်လည်းဘုရား၊ဝိညာဉ်တော်သည်လည်းဘုရားမှန်၏။

-သို့ပင်ဆိုသော်လည်း၊ဘုရားသုံဆူမရှိ၊တဆူတည်း။

-ခမည်းတော်သည်အရှင်၊သားတော်သည်လည်းအရှင်၊ဝိညာဉ်တော်သည်လည်းအရှင်မှန်၏။

-သို့ပင်ဆိုသော်လည်း၊အရှင်သုံးဆူမရှိ၊တဆူတည်း။

-ခရစ်ယာန်သမ္မာဒိဋ္ဌိအတိုင်း၊ပုဂ္ဂိုလ်အသီးသီးကိုဘုရားဟူ၍

ငင်း၊ဝန်ခံရကြရာ။

-ဘုရားသုံးဆူ၊အရှင်သုံးဆူဖြစ်သည်ဟုအလျှင်းမဆိုရကြောင်း၊ ကာသိုလဇ်ဒေသနာတော်ကမြစ်တားပေ၏။

-ခမည်းတော်သည်၊အပြုခံမဟုတ်။ဖန်ဆင်းခံလည်းမဟုတ်၊ ဖြစ်ပွားခံလည်းမဟုတ်။

-သားတော်သည်၊ခမည်းတော်တပါးတည်းမှသာတည်တော်မူ၍၊အပြုခံမဟုတ်၊ဖန်ဆင်းခံလည်းမဟုတ်၊ဖြစ်ပွားခံဖြစ်တော်မူ၏။

-ဝိညာဉ်တော်သည်၊ခမည်းတော်သားတော်တို့ထံမှဖြစ်တော်မူ၍၊အပြုခံမဟုတ်၊ဖန်ဆင်းခံလည်းမဟုတ်၊ဖြစ်ပွားခံလည်းမဟုတ်၊နှစ်ပါးတို့ထံမှထွက်ကြွတော်မူ၏။

-သို့ဖြစ်သောကြောင့်၊ခမည်းတော်သုံးပါးမဟုတ်၊တပါးတည်း။ သားတော်လည်းသုံးပါးမဟုတ်၊တပါးတည်း။ ဝိညာဉ်တော်သည်လည်း သုံးပါးမဟုတ်၊တပါးတည်း။

-ဤသုံးပါးတို့တွင်၊တပါးဦးသည်၊နှောင်းသည်မဟုတ်။ တပါးကြီးသည်၊ငယ်သည်မဟုတ်ဘဲ။

-သုံးပါးလုံးတို့သည်အတူထာဝရတည်၍ညီမျှတော်မူ၏။

-ထို့ကြောင့်၊အထက်ဆိုခဲ့သည့်အတိုင်း၊ပုဂ္ဂိုလ်သုံးပါးပေါင်းတဆူတည်းသောဘုရားကိုငင်း၊တဆူတည်းဘုရားဖြစ်သောပုဂ္ဂိုလ်သုံးပါးကို ငင်း၊ကိုးကွယ်ရာ၏။

-သို့ဖြစ်၍ အကြင်သူသည်၊ကယ်တင်ခြင်းကိုခံလိုအံ့။ ထိုသူသည်တြိနတိကိုဤသို့ယုံကြည်ရမည်။

ယင်းယုံကြည်ချက်မှာရှုပ်ထွေးပြီးအံ့အားသင့်စရာဖြစ်နေပါသည်။ အေဒီ၃၈၁ တွင်ကျင်းပခဲ့သောကွန်စတန်တီနိုပဲ(လ)ကောင်စီမှ ထွက်ပေါ်လာသောရှင်အသနာစိယုံကြည်ချက်နှင့်အေဒီ၁၅၀ခန့်တွင်



ထွက်ပေါ်လာသောရိုးရှင်းလှသောတမန်တော်တို့၏ယုံကြည်ချက်(Apostles Creed)၏ခြားနားမှုကိုလေ့လာကြည့်ကြပါစို့။

"မိုးယံမြေကိုဖန်ဆင်းပြုပြင်တော်မူထသော၊အနန္တတန်ခိုးနှင့်ပြည့်စုံတော်မူထသော၊ခမည်းတော်ဘုရားသခင်ကိုအကျွန်ုပ်ယုံကြည်ပါသည်။ တပါးတည်းသောသားတော်ဖြစ်တော်မူသော၊သန့်ရှင်းသောဝိညာဉ်တော်အားဖြင့်ကညာမာရိဝမ်း၌သန္ဓေတည်၍ ဘွားမြင်တော်မူထသော၊ပုန္တိပိလတ်မင်းလက်ထက်ဒုက္ခမျိုးမှုစသော၊ကားတင်ခံတော်မူထသော၊အသက်စွန့်တော်မူထသော၊သုံးရက်လည်သောနေ့၌သေခြင်းမှရှင်ပြန်ထမြောက်တော်မူထသော၊ကောင်းကင်ဘုံသို့တက်ကြွတော်မူထသော၊အနန္တတန်ခိုးရှင်ခမည်းတော်ဘုရားသခင်၏လက်ျာတော်မှာစံနေတော်မူထသော၊သေသူရှင်သူတို့ကိုစီရင်ဆုံးဖြတ်ခြင်းငှါ၊တဖန်ကြွလာတော်မူအံ့သော၊အရှင်သခင်ယေရှုခရစ်ကိုလည်းအကျွန်ုပ်ယုံကြည်ပါ၏။ သန့်ရှင်းသောဝိညာဉ်တော်ကိုလည်းအကျွန်ုပ်ယုံကြည်ပါ၏။ သန့်ရှင်းသောကာသိုလဇ်အသင်းတော်၊သန့်ရှင်းသူတို့မိတ်သဟာရရှိခြင်း၊အပြစ်ဖြေလွှတ်ခြင်း၊ကိုယ်ခန္ဓာရှင်ပြန်ခြင်း၊ထာဝရအသက်ရှင်ခြင်းကိုလည်းအကျွန်ုပ်ယုံကြည်ပါ၏။ အာမင်။

ယုံကြည်ချက်ပြောင်းလဲမှုကိုအကျဉ်းချုပ်ဖော်ပြထားပါသည်။

| တမန်တော်တို့၏ ယုံကြည်ချက် | ရှင်အသနာစိ ယုံကြည်ချက် |
| --- | --- |
| အနန္တတန်ခိုးနှင့်ပြည့်သော ဘုရားသခင်၊ → | ခမည်းတော်ဘုရားသခင်၊ |
| တပါးတည်းသောသား တော်သခင်ယေရှုခရစ်တော်၊ → | သားတော်ဘုရားသခင်၊ |
| သန့်ရှင်းသောဝိညာဉ် အားဖြင့်မွေးဖွားသော → | သန့်ရှင်းသောဝိညာဉ်တော် ဘုရားသခင်၊ |

**သုံးပါးတစ်ဆူယုံကြည်ချက်၏နောက်ဆက်တွဲသမိုင်းများ။**

ခရစ်ယာန်သမိုင်းအဆိုအရ၊သုံးပါးတစ်ဆူဘုရားဟူသောအခြေခံယုံကြည်ချက်ကိုငြင်းပယ်ကြသောသူတို့အတွက်ပြစ်ဒဏ်မှာသေဒဏ်ပင်ဖြစ်သည်။ ဥပမာအားဖြင့်၊ဗြိတိသျှပါလီမန်သည်၁၆၄၈ခုနှစ်တွင်ဥပဒေတစ်ရပ်ကိုပြဒါန်း၍သုံးပါးတစ်ဆူဘုရားအကြောင်းသွန်သင်ချက်ကိုဆန့်ကျင်သူများကိုသေဒဏ်စီရင်မည့်ဥပဒေကိုပြဒါန်းခဲ့ကြသည်။ ၁၈၁၃ခုနှစ်မတိုင်မှီအထိဗြိတိဥပဒေတွင်ယင်းအချက်ကိုပယ်ဖျက်ခြင်းမပြုသေးချေ။

သေဒဏ်ခံရမည့်ဘေးအန္တာရာယ်ရှိသောယင်းကာလမှာပင်လျှင်သုံးပါးတစ်ဆူဆိုသည့်ယုံကြည်ချက်သည်သမ္မာကျမ်းစာတော်မှမရှိကြောင်းကိုပြောဆိုဆန့်ကျင်၍ငြင်းပယ်ခဲ့ကြသည်။ သခင်ခရစ်တော်ကောင်းကင်ဘုံသို့တက်ကြွတော်မူပြီးသည့်နောက်ပိုင်းနှစ်များကြာမြင့်



ပြီးမှပေါ်ထွက်လာသောလွဲမှားသည့်သုံးပါးပေါင်းတစ်ဆူဘုရားအကြောင်းကိုလက်ခံခြင်းထက်ကျမ်းစာတော်မြတ်၏သမ္မာတရားအတွက်အသက်သေခံရဲသည့်အထိသူတို့၏ယုံကြည်ခြင်းမှာအားကြီးလှပါသည်။

## () မည်သည့်အတွက်ဤသို့ဖြစ်ပျက်ခဲ့သနည်း?

ခရစ်ယာန်သာသနာသည်ဘာသာခြားရောမနိုင်ငံအပေါ်အင်အားဖြင့်ဝင်ရောက်သောအခါဘာသာခြားတို့၏အယူအဆများစွာသည်ခရစ်ယာန်သာသနာအတွင်းသို့စိမ့်ဝင်ရောက်ပြီး ၁ ရာစုတွင်ရှိခဲ့သောစစ်မှန်သောခရစ်ယာန်သွန်သင်ချက်များကိုညစ်နွမ်းစေခဲ့ပါသည်။ ခရစ်ယာန်သာသနာတော်သို့လူအများပြောင်းလဲလာကြသည်ဆိုသော်လည်း၊သူတို့၏ယခင်အကျင့်များနှင့်ခံယူသက်ဝင်မှုများကိုဆက်လက်ဆုပ်ကိုင်ထားခဲ့ကြသည်။ အသစ်သောယုံကြည်မှုကိုလက်ခံသူတို့အတွက်အသင်းတော်သည်သူတို့၏ယခင်ဘာသာများ၏အလေ့အကျင့်များနှင့်အတွေးအခေါ်များကိုခရစ်ယာန်သာသနာအတွင်းသို့ရောစပ်ခြင်းကိုခွင့်ပြုပြီးစေ့စပ်ပေးခဲ့ပါသည်။ သုံးပါးတစ်ဆူဘုရားအကြောင်းအရာသည်သမ္မာကျမ်းဝင်မဟုတ်သောအယူအဆတစ်ရပ်ဖြစ်ပြီး၊ခရစ်ယာန်သာသနာတော်အတွင်းသို့ဝင်ရောက်ခဲ့မှုသည်ထင်ရှားသောသာဓကတစ်ရပ်ဖြစ်သည်။

## () ဘုရားသခင်သည်ဤဖြစ်စဉ်ကိုအဘယ်ကြောင့်ခွင့်ပြု တော်မူသနည်း။

ခရစ်ယာန်အများအပြားသည်ဘုရားသခင်အဘယ်ကြောင့်ဤအရာကိုခွင့်ပြုတော်မူခဲ့သနည်းဟုစဉ်းစား၍မရအောင်ဖြစ်နေကြပါသည်။ ထိုကဲ့သို့မဟုတ်ပါ။ ဘုရားသခင်၏လူမျိုးက္ကသရေလတို့သည်ထပ်ခါတလဲလဲဘုရားသခင်၏သွန်သင်ချက်မှသွေဖယ်ပြီးလွဲမှားသောဘာသာအလေ့အကျင့်များ(ရုပ်ထုကိုးကွယ်ခြင်းအပါအဝင်)ကိုလုပ်ဆောင်ခဲ့ကြ

ကြောင်းကိုဓမ္မဟောင်းကျမ်းတွင်ဖေါ်ပြထားပါသည်။

**၇ ဓမ္မသစ်ခေတ်ကာလယုံကြည်သူများသည်ပိုမို ကောင်းမွန်သောသူများဖြစ်ကြပါသလား?**

ဤအကြောင်းချက်အရဘုရားသခင်သည်သို့ဖြစ်ပျက်မှုကိုခွင့်ပြုတောမမူခဲ့ပါ။ သမ္မာကျမ်းစာတွင်အသင်းတော်၏သွန်သင်ချက်တို့သည်ပျက်ယွင်းနေသည်ဟုသတိပေးလျှက်ရှိနေပါသည်။

**"အဘယ်သူမျှသင်တို့ကိုအဘယ်သို့သောအားဖြင့်မလှည့်ဖြားစေနှင့်။ ထိုနေ့ရက်မရောက်မှီဖေါက်ပြန်သင်းခွဲခြင်းသည်အရင်ဖြစ်၍၊ဒုစရိုက်လူတည်းဟူသောပျက်စီးခြင်း၏သားသာပေါ်လာရလိမ့်မည်။"(သက်သာလောနိတ်ဩဝါဒစာဒုတိယစောင် ၂း၃)**

**"အကြောင်းမူကား၊ငါမရှိသည့်နောက်၊ကြမ်းတမ်းသောတောခွေးတို့သည်သိုးများကိုမသနားဘဲသင်တို့အထဲသို့ဝင်မည်ကိုငါသိ၏။တပည့်တော်များကိုသွေးဆောင်ခြင်းငှါ၊မှားသောစကားကိုပြောတတ်သောလူတို့သည်သင်တို့အထဲ၌လည်းပေါ်လာမည်ကိုငါသိ၏။"(တမန်တော်ဝတ္ထု ၂၀း၂၉-၃၀)**

**"အကြောင်းမူကား၊နောက်ကာလ၌လူတို့သည်စင်ကြယ်သောဩဝါဒကိုနားမခံနိုင်ဘဲ၊ယားတတ်သောနားရှိလျှင်၊မိမိတပ်မက်ခြင်းအတိုင်းများပြားသောဆရာတို့နောက်သို့လိုက်ကြလိမ့်မည်။ သမ္မာတရားကိုကိုနားမထောင်ဘဲ၊ဒဏ္ဍာရီစကားကိုနားထောင်၍လွဲသွားကြလိမ့်မည်။"(တိမောသေဩဝါဒစာဒုတိယစောင် ၄း၃-၄)**



**"သို့သော်လည်း၊ယုဒလူတို့တွင်မိစ္ဆာပရောဖက်ရှိကြ၏။. . . သူတို့ညစ်ညူးသောအကျင့်ဓလေ့တို့ကိုအများသောသူတို့သည်လိုက်သောအားဖြင့်သမ္မာတရားလမ်းအသရေသည်ပျက်စီးလိမ့်မည်။"(ရှင်ပေတရုဩဝါဒစာဒုတိယစောင် ၂း၁၂)**

**". . . . . မိစ္ဆာပရောဖက်အများတို့သည်ဤလောကသို့သွားကြပြီ။" (ရှင်ယောဟတ်ဩဝါဒစာပထမစောင် ၄း၁-၃)**

ဤကျမ်းချက်များကိုရေးပြီးသည့်နောက်အနှစ် ၂၀၀၀ခန့်တွင်အသက်ရှင်နေကြသောကျွန်တော်တို့သည်သမိုင်းကြောင်းများကိုလှမ်းမြော်ကြည့်ပြီးခရစ်ယာန်ယုံကြည်ချက်များပြောင်းလဲပြင်ဆင်လာမှုကိုတွေ့မြင်နိုင်ပါသည်။ဤကျမ်းစာသတိပေးချက်များသည်အမှန်ဟုလက်ခံပါကပြောင်းလဲဖြစ်ပျက်သောယုံကြည်မှုဆိုင်ရာများကိုသိမြင်နိုင်ပြီး၊ယင်းပြောင်းလဲပြင်ဆင်မှုများကိုငြင်းပယ်၍စစ်မှန်သောခရစ်ယာန်ယုံကြည်မှုသို့ပြန်လှည့်ရပါမည်။ တစ်ခုတည်းသောနည်းလမ်းမှာကျွန်တော်တို့အမှန်တရားကိုသေချာစွာသိရှိနိုင်ရန်သမ္မာကျမ်းစာကိုအလေးနက်ထားလေ့လာရန်ဖြစ်ပါသည်။ ကျွန်တော်တို့အလေးအနက်ထား၍သမ္မာကျမ်းစာတစ်ခုလုံးကိုဖတ်ရှုရန်ဖြစ်ပြီး၊သာမန်အားဖြင့်တစ်ခုသောသီးခြားကျမ်းပိုဒ်များကိုဖတ်ပြီးကျွန်တော်တို့၏ယုံကြည်မှုနှင့်ကိုက်ညီရန်မလုပ်သင့်ပါ။

များကသမ္မာကျမ်းစာအပြင်ဘက်မှဖြစ်ကြောင်းသိရှိကြရန်လိုအပ်ပါသည်။ သုံးပါးတစ်ဆူဘုရားအကြောင်းမှန်သည်ဟုအထောက်အထားပြုကိုးကားသောကျမ်းပိုဒ်များသည်လည်းသီးခြားရပ်တည်သောကျမ်းပိုဒ်များသာဖြစ်ပြီး၊ကျမ်းတစ်ခုလုံး၏ဖေါ်ပြချက်ကိုမှုလျှစ်လျူရှုထားခဲ့ကြသည်။ အောက်ပါဥပမာတစ်ခုကိုတင်ပြပါမည်။

✷ **ငါသည်ငါ့ခမည်းတော်နှင့်တလုံးတဝတည်းဖြစ်၏။**

**"ငါသည်ငါ့ခမည်းတော်နှင့်တလုံးတဝတည်းဖြစ်သည်ဟုမိန့်တော်မူ၏။"(ရှင်ယောဟန်ခရစ်ဝင်ကျမ်း ၁၀း၃၀)**

အထက်ပါကျမ်းချက်ကိုသေချာစွာမစဉ်းစားပါကသုံးပါးတစ်ဆူဘုရားယုံကြည်မှုကိုရှင်ယောဟန်မှထောက်ခံသည်ဟုထင်မြင်နိုင်ပါသည်။ သို့ရာတွင်၊ဤကျမ်းချက်၌သန့်ရှင်းသောဝိညာဉ်တော်နှင့်ပတ်သက်၍မရှိပါ။

ပြဿနာမှာထိုကျမ်းချက်ကိုသုံးပါးတစ်ဆူစာတမ်းတွင်ဖေါ်ပြချက်အရ"တလုံးတဝတည်း"ဟုဆိုထားပြီး၊သမ္မာကျမ်းစာတွင်မူပုဂ္ဂိုလ်တစ်ဦးဟုဖေါ်ပြခြင်းမဟုတ်ပါ။ သဘောတူညီခြင်းသာဖြစ်သည်။

**"ထိုသူအပေါင်းတို့သည်တလုံးတဝတည်းဖြစ်လျှက်အဘ။ ကိုယ်တော်သည်အကျွန်ုပ်နှင့်အတူရှိတော်မူ၍အကျွန်ုပ်သည်လည်းကိုယ်တော်၌ရှိသကဲ့သို့ထိုသူအပေါင်းတို့သည်ငါတို့၌တလုံးတဝတည်းဖြစ်စေခြင်းငှါ. . . "(ရှင်ယောဟန်ခရစ်ဝင်ကျမ်း ၁၇း၂၁)**

အထက်ပါကျမ်းစာရှိအခန်းတခန်းလုံးကိုဖတ်ရှုသောအခါတွင်



သခင်ယေရှုသည်ဘုရားဖြစ်သည်ဟုမဆိုခဲ့ကြောင်းတွေ့ရပါမည်။ ဤအခန်းမတိုင်မှီသခင်ယေရှုသည်ခမည်းတော်နှင့်တန်းတူမဟုတ်ကြောင်းရှင်းလင်းစွာဖေါ်ပြထားပါသည်။

**"ထိုသိုးတို့ကိုငါ၌အပ်ပေးတော်မူသောငါ့ခမည်းတော်သည်ခပ်သိမ်းသောသူတို့ထက်ကြီးမြတ်တော်မူသည်ဖြစ်၍၊အဘယ်သူမျှထိုသိုးတို့ကိုငါ့ခမည်းတော်၏လက်မှမနှုတ်မယူရာ။ (ရှင်ယောဟန်ခရစ်ဝင်ကျမ်း ၁၀း၂၉)**

သခင်ယေရှုကိုမုန်းတီးကြသောယုဒလူတို့သည်သခင်ယေရှုကိုသတ်ဖြတ်ရန်အစဉ်အမြဲလုပ်ဆောင်နေကြရသည့်အကြောင်းရင်းမှာ၊သခင်ယေရှုသည်ဘုရားသခင်နှင့်ထပ်တူထပ်မျှဖြစ်သည်ဟုပြောဆို၍ဘုရားသခင်အားမထီမဲ့မြင်ပြုသည်ဟုခံယူသောကြောင့်ဖြစ်ပါသည်။

**"ယုဒလူတို့က၊ကောင်းသောအမှုကြောင့်ခဲနှင့်ပစ်ကြမည်မဟုတ်။ သင်သည်လူဖြစ်လျက်ပင်ဘုရားသခင်ဖြစ်ရာဆောင်၍ဘုရားသခင်ကိုလွန်ကျူးသောစကားကြောင့်ခဲနှင့်ပစ်မည်ဟုဆိုကြ၏။" (ရှင်ယောဟန်ခရစ်ဝင်ကျမ်း ၁၀း၃၃)**

ဤသည်ကား၊ထိုသူတို့၏စွပ်စွဲချက်သာဖြစ်ပါသည်။ သို့သော်၊သခင်ယေရှုသည်ဘုရားသခင်ကိုမထီမဲ့မြင်မပြုလုပ်ခဲ့ပါ။ အဘယ်ကြောင့်ဆိုသောသခင်ယေရှုသည်ဘုရားဖြစ်ကြောင်းတစ်ခါဘူးမျှပြောဆိုခြင်းမပြုခဲ့ပါ။ နောက်ကျမ်းပိုဒ်တွင်ထိုသူတို့မှားယွင်းခြင်းကိုသခင်ယေရှုပြင်ဆင်ပေးခဲ့ပါသည်။

**"ယေရှုကလည်း၊သင်တို့သည်ဘုရားဖြစ်ကြ၏။ ငါဆိုသည်ဟုသင်တို့၏ပညတ္တိကျမ်းစာ၌လာသည်မဟုတ်လော။ ဘုရားသခင်၏ဗျာဒိတ်တော်ကိုခံရသောသူတို့ကိုဘုရားဟူ၍ခေါ် ရလျှင်ဌင်း၊ကျမ်းစကားကိုမပယ်ရလျှင်ဌင်း၊ခမည်းတော်သည်သန့်ရှင်းစေ၍၊ဤလောကသို့စေလွှတ်တော်မူသောသူက၊ငါသည်ဘုရားသခင်၏သားတော်ဖြစ်သည်ဟုဆိုသောကြောင့်၊သင်သည်ဘုရားသခင်ကိုလွန်ကျူး၍ပြောသည်ဟုထိုသူအားဆိုရာသလော။ ငါသည်ငါ့ခမည်းတော်၏အမှုတို့ကိုမပြုလျှင်ငါ့ကိုမယုံကြနှင့်။ ပြုလျှင်ငါ့ကိုမယုံသော်လည်းထိုအမှုတို့ကိုယုံကြလော့။ ထိုသို့ယုံလျှင်ခမည်းတော်သည်ငါ၌ရှိတော်မူသည်ကိုဌင်း၊ငါသည်ခမည်းတော်၌ရှိသည်ကိုဌင်းယုံ၍သိမှတ်ကြလိမ့်မည်ဟုမိန့်တော်မူ၏။" (ရှင်ယောဟန်ခရစ်ဝင်ကျမ်း ၁၀း၃၄-၃၈)**

သခင်ယေရှုက၊-

**"သင်တို့၏ပညတ္တိကျမ်းစာ၌လာသည်မဟုတ်လော့။ သင်တို့သည်ဘုရားများဖြစ်ကြသည်။"** ဟု**ဆာလံကျမ်း - ၈၂** ကိုရည်ညွှန်း၍မိန့်တော်မူပြီး၊ယင်းဆာလံတွင်ခန့်အပ်သောယဇ်ပုရောဟိတ်နှင့်ကြာသရေလအကြီးအကဲတို့ကိုဘုရားများဟူသောဘွဲ့တော်ကိုပေးတော်မူ၏။ အဘယ်ကြောင့်ဤဘွဲ့ကိုပေးတော်မူခဲ့ရသနည်း'ဆိုလျှင်သူတို့သည်ဘုရားသခင်ကိုယ်စားလုပ်ဆောင်သူများနှင့်ဘုရားသခင်၏နာမတော်အားဖြင့်စကားပြောသောသူများဖြစ်ကြသောကြောင့်ဖြစ်ပါသည်။ ထို့ကြောင့်၊သခင်ယေရှုမှ၊ဓမ္မဟောင်းကာလမှလူများကိုဘုရားဟုခေါ် ခဲ့လျှင်ငါသည်ဘုရားသခင်၏သားဖြစ်သည်ဟုပြောဆိုတော်မူခြင်းကိုအဘယ်ကြောင့်မကျေမနပ်ဖြစ်



ကြသနည်းဟုမေးတော်မူခဲ့ပါသည်။

ဤအချက်ကိုကျနအခန်းကြီးတစ်ခုလုံးနှင့်ထိုခရစ်ဝင်ကျမ်းတစ်ခုလုံးရှိရှင်ယောဟန်ရေးသားချက်အားလုံးတို့ကိုရှေ့နောက်ဆက်စပ်၍ဖတ်ရှုပါကသခင်ယေရှုသည်ဘုရားသခင်နှင့်တစ်စိတ်တစ်ဝမ်းတည်းရှိကြောင်းကိုရှင်းလင်းစွာသိလာကြပါလိမ့်မည်။

**"ခမည်းတော်သည်ငါ့ကိုသိတော်မူ၍၊ငါသည်လည်းခမည်းတော်ကိုသိသကဲ့သို့၊. . . . "(ရှင်ယောဟန်ခရစ်ဝင်ကျမ်း ၁၀း၁၅)**

ဤနည်းအားဖြင့်သခင်ယေရှုသည်ဘုရားသခင်နှင့်တစ်လုံးတစ်ဝတည်းဖြစ်သကဲ့သို့ကျွန်တော်တို့သည်လည်း၊သခင်ယေရှုနှင့်လည်းကောင်း၊ခမည်းတော်နှင့်လည်းကောင်း၊တစ်လုံးတစ်ဝတည်းဖြစ်နိုင်ကြပါသည်။

## ✷ အစအဦး၌နှုတ်ကပတ်တော်ရှိ၏ ။

**ရှင်ယောဟန်ခရစ်ဝင်ကျမ်းအခန်းကြီး-၁** တွင်အောက်ပါအတိုင်းဖော်ပြထားပါသည်။

**"အစအဦး၌နှုတ်ကပတ်တော်ရှိ၏။ နှုတ်ကပတ်တော်သည်ဘုရားသခင်နှင့်အတူရှိ၏။ နှုတ်ကပတ်တော်သည်လည်းဘုရားသခင်ဖြစ်တော်မူ၏။ ထိုနှုတ်ကပတ်တော်သည်အစအဦး၌ဘုရားသခင်နှင့်အတူရှိ၏။ ထိုနှုတ်ကပတ်တော်သည်ခပ်သိမ်းသောအရာတို့ကိုဖန်ဆင်းတော်မူ၏။" (ရှင်ယောဟန်ခရစ်ဝင်ကျမ်း ၁း၁-၃)**

သမ္မာကျမ်းစာတွင်ဤကျမ်းချက်လောက်သဘောတူညီမှုမရနားလည်မှုလွဲသောကျမ်းပိုဒ်မျိုးမရှိပါ။ အဘယ်ကြောင့်ဆိုသော်ဤကျမ်းပိုဒ်သည်ခက်ခဲနက်နဲမှုရှိသောကြောင့်ဖြစ်သည်။ သာမန်အားဖြင့်ဤကျမ်းပိုဒ်ကိုအောက်ပါအတိုင်းနားလည်ထားကြပါသည်။

အစအဦးတွင်ကောင်းကင်နှင့်မြေကြီးကိုဖန်ဆင်းချိန်တွင်၊သခင်ခရစ်တော်သည်ဘုရားသခင်နှင့်အတူတကွရှိနှင့်ပြီးဖြစ်ကြောင်း၊သခင်ခရစ်တော်သည်လည်းဘုရားသခင်ဖြစ်တော်မူကြောင်း၊ ထိုသခင်ခရစ်တော်သည်အစအဦးတွင်ဘုရားသခင်နှင့်အတူရှိတော်မူကြောင်း၊တလောကလုံးအားသူ့အားဖြင့်သာဖန်ဆင်းတော်မူခဲ့ကြောင်းကိုရေးသားထားခြင်းဖြစ်သည်။ **(ရှင်ယောဟန်ခရစ်ဝင်ကျမ်း ၁း၁-၃)**

အထက်ဖေါ်ပြချက်သည်ထိုကျမ်းပိုဒ်အားစကားပြေကဲ့သို့ရေးသားပြခြင်းဖြစ်သည်။ အမှန်ရှိရင်းအတိုင်းအနက်ပြန်ထားခြင်းမဟုတ်သည့်အတွက်အချို့သောသူများသည်ခိုင်လုံသောအချက်ဖြစ်သည်ဟုဆိုကြမည်ဖြစ်သော်လည်းအများကမူ"ရှင်ယောဟန်ခရစ်ဝင်ကျမ်း ၁း၁"ကိုသာဖတ်ရှုကြပါလိမ့်မည်။ အထက်ပါစကားပြေတွင်အောက်ပါမေးခွန်း(၇)ချက်ထွက်ပေါ်လာပါသည်။

၁။ **ရှင်ယောဟန်ခရစ်ဝင်ကျမ်း**၏အစသည်ကဗျာလင်္ကာပုံစံဖြင့်ရေးသားထားလေသည်။**(ရှင်ယောဟန်ခရစ်ဝင်ကျမ်း၁း၁-၁၈)** ဤကျမ်းပိုဒ်သည်ထင်ရှားသောအချက်ကိုဖေါ်ပြထားခြင်းဖြစ်သည်။ အရေးကြီးဆုံးသတိထားကြရမည်မှာ၊ထိုကျမ်းပိုဒ်ကိုနက်ဖွင့်ဆိုသည့်အချိန်တွင်ဖြစ်ပါသည်။



၂။ **"အစအဦး၌"**ဆိုရာတွင်ရှင်ယောဟန်သည်**ကမ္ဘာဦးကျမ်း ၁း၁**နှင့်တနည်းနည်းဆက်နွယ်၍ရေးသားခြင်းဖြစ်သည်။ သို့ရာတွင်**ရှင်ယောဟန်ခရစ်ဝင်ကျမ်းပထမစောင်၁း၁** တွင်ဖေါ်ပြထားသော**"အစအဦး"**ဆိုသည်နှင့်နှိုင်းယှဉ်ရန်ရှိပါသည်။ **(ရှင်ယောဟန်ခရစ်ဝင်ကျမ်းပထမစောင်သည်ရှင်ယောဟန်ခရစ်ဝင်ကျမ်း**နှင့်ပူးဆက်ထားပါသည်။ အစအဦးဆိုရာတွင်ရှင်ယောဟန်သည်ကမ္ဘာအစပြုခြင်းကိုရည်ညွှန်းနေခြင်းမဟုတ်ဘဲတမန်တော်များမှသက်သေခံသော**ဧဝံဂေလိတရားတော်**အစပြုခြင်းကိုဆိုလိုပါသည်။

**ရှင်မာကုခရစ်ဝင်ကျမ်း ၁း၁၊ရှင်လုကာခရစ်ဝင်ကျမ်း၁း၂၊ ရှင်ယောဟန်ခရစ်ဝင်ကျမ်း၆း၆၄၊၈း၂၅၊၁၅း၂၇၊၁၆း၄၊ရှင်ယောဟန်ခရစ်ဝင်ကျမ်းပထမစောင်၁း၁၊၂း၇၊၁၃၊၂၄၊၃း၁၁၊ရှင်ယောဟန်ခရစ်ဝင်ကျမ်းဒုတိယစောင်၅၊၆** တို့တွင်ဖေါ်ပြထားသော**"အစအဦး"** ဟုဆိုသောဝေါဟာရကိုဂရိစကားဖြင့်နှိုင်းယှဉ်ရန်လိုအပ်ပါသည်။ **ကမ္ဘာဦးကျမ်း ၁း၁** ကိုဖေါ်ပြခြင်းမဟုတ်ပါ။ ရှင်ယောဟန်သည်ကမ္ဘာဦးကျမ်းမှ**"အစအဦး"** ဆိုသည်နှင့်သာ၍အရေးပါသောဧဝံဂေလိတရားတော်မှအသစ်သောအစအဦးကိုနှိုင်းယှဉ်ခြင်းသာဖြစ်လေသည်။ ထိုက်တန်သောမှတ်သားဖွယ်ရာတစ်ခုမှာ၊**"အစအဦး"**သည်**သခင်ခရစ်တော်၏ဘွဲ့နာမ**တစ်ခုဖြစ်နေခြင်းပင်ဖြစ်သည်။ **(ကောလောသဲဩဝါဒစာ ၁း၁၈၊ ဗျာဒိတ်ကျမ်း ၃း၁၄၊ ၂၁း၆၊၂၂း၁၃)**

၃။ **"နှုတ်ကပတ်တော်သည်လည်း"** ဟူသောရှင်ယောဟန်၏ရေးသားချက်သည်သိသာစွာဖြင့်သခင်ယေရှုနှင့်ဆက်စပ်၍ဆိုလိုသော်လည်း၊နှုတ်ကပတ်တော်ဆိုသည်မှာသခင်ယေရှု၏ဘွဲ့နာမတော်တစ်ခုမဟုတ်ပါ။ အကယ်၍ရှင်ယောဟန်သည်သခင်ယေရှုခရစ်တော်ကိုရည်

ညွှန်းလိုပါက၊တိုက်ရိုက်ပင်ရေးသားပါလိမ့်မည်။ **“နှုတ်ကပတ်တော်”**ဟူသောဝေါဟာရကိုဆင်ခြင်ရာတွင်လစ်ဟင်းသွားတတ်သောသော့ချက်များရှိနေပါသည်။ ယင်းမှာ၊**“အသက်(အခန်းငယ် ၄) နှင့် အလင်း(အခန်းငယ်၇-၉)”**တို့သည်ရှင်ယောဟန်ဆိုလိုသောအချက်တွင်ပါဝင်လျက်ရှိနေပါသည်။ ကျမ်းစကားဖြစ်သော၊**“နှုတ်ကပတ်တော်၊ အသက်နှင့်အလင်း”** တို့သည်နာဇရက်မြို့သားယေရှုကိုကိုယ်စားပြုသောစကားလုံးများမဟုတ်ပါ။ **“နှုတ်ကပတ်တော်သည်ဘုရားသခင်နှင့်အတူရှိ၏။”** ထိုကျမ်းပိုဒ်သည်သမ္မာကျမ်းစာ၏မူရင်းဘာသာစကားကိုမသိရှိနားမလည်ကြသူများပင်လျှင်ဤဖေါ်ပြချက်ဖြစ်သော၊**“သခင်ယေရှု=ဘုရားသခင်”**ဟုမဆိုလိုကြောင်းကိုသိရှိနိုင်ပါသည်။ အကယ်၍နှုတ်ပတ်တော်ဟူသောစကားရပ်အားသခင်ယေရှုဟုဆိုလိုလျှင်သခင်ယေရှုသည်ရုပ်ခန္ဓာအားဖြင့်ဘုရားသခင်နှင့်အတူမရှိနိုင်ပါ။(ဘုရားသခင်၏လက်ယာဘက်တွင်ရှိနိုင်ပါမည်လား။) ထို့အပြင်၊တစ်ချိန်တည်းမှာပင်၊**“ဘုရားသခင်ဖြစ်၏”**ဟုဆိုလိုပြန်ပါသည်။

၄။ **“နှုတ်ကပတ်တော်သည်လည်းဘုရားသခင်ဖြစ်တော်မူ၏။”** ဤကျမ်းပိုဒ်ကိုတနည်းတည်းတမျိုးတည်းဘာသာပြန်နိုင်သည်မဟုတ်ပါ။ အခြားနည်းလဲရှိပါသေးသည်။ ယင်းမှာ၊“ဘုရားသခင်သည်မည်သူဖြစ်တော်မူသည်။ နှုတ်ကပတ်တော်သည်မည်သူဖြစ်ခဲ့သည်။ နှုတ်ကပတ်တော်သည်ဘုရားကဲ့သို့ပင်ဖြစ်သည်၊” စသည်ဖြင့်ဘာသာပြန်ဆိုနိုင်ပါသည်။ သို့သော်၊သခင်ယေရှုကိုယ်တော်တိုင်ပင်“ဘုရားများ”ဟူသောအဓိပ္ပါယ်ကိုမိန့်တော်မူခဲ့သည်ကိုသတိရကြပါလိမ့်မည်။**(ရှင်ယောဟန်ခရစ်ဝင်ကျမ်း ၁၀း ၃၄-၃၅)** ဤသို့ဆိုလျှင်၊အများထင်မြင်သည့်သုံးပါးပေါင်းတစ်ဆူဖော်ပြချက်ဖြစ်ဖို့ရန်မလိုအပ်ပါ။

၅။ အင်္ဂလိပ်ကျမ်းစာတွင်နှုတ်ကပတ်တော်ကို ‘it‘” ဟုသုံးရမည့်



အစား “He” ဟုသုံးနှုန်းထားခြင်းမှာရှင်ယောဟန်မဟုတ်ပါ။ အင်္ဂလိပ်ဘာသာပြန်ဆိုသောသူသာဖြစ်ပါသည်။ “word”ကို “it” ဖြင့်နာမ်စားသုံးခြင်းကိုသာမန်အားဖြင့်အခြားစကားစုများတွင်တွေ့ရှိနိုင်ပါသည်။ ထို့အပြင်၊“word”တွင် “W” အကြီးဖြင့်ဖေါ်ပြထားမှုသည်လည်းမူရင်းကျမ်းစာတွင်မရှိပါ။ ဘာသာပြန်ဆိုသူသည် “He နှင့် word”ဟုရေးသားခဲ့သော်လည်း၊“life”အသက်နှင့်“light”အလင်းတွင်မူထူးခြားစွာရေးသားခဲ့ခြင်းမရှိခဲ့ပါ။ ယင်းသို့သောကွဲပြားခြားနားမှုမျိုးကိုရှင်ယောဟန်မှမပြုလုပ်ခဲ့ပါ။

၆။**“နှုတ်ကပတ်တော်သည်အစအဦး၌ဘုရားသခင်နှင့်အတူရှိ၏။”**ဆိုသည်မှာ၊ထပ်မံ၍ဖေါ်ပြချက်ဖြစ်သော်လည်း၊စာသားများမှာတူညီမှုမရှိပါ။ ရှင်ယောဟန်ထပ်မံ၍ဖေါ်ပြခြင်းမှာတစ်စုံတစ်ရာသည်ဘုရားသခင်ထံတွင်ရှိနေပြီး၊ယင်းမှာ၊ဘုရားသခင်မဟုတ်ကြောင်းပင်ဖြစ်သည်။ ယင်းအချက်ကိုအမှတ်မထင်လျှစ်လျူရှုမိကြခြင်းသာဖြစ်ကြသည်။ ရှင်ယောဟန်သည်စာသားများကိုမကြာခဏဂရုတစိုက်ရွေးချယ်၍နှုတ်ကပတ်တော်သည်ဘုရားသခင်နှင့်ထပ်တူမဟုတ်ကြောင်းကိုရှင်းလင်းစွာရေးသားခဲ့လေသည်။ ရှင်ယောဟန်သည်**အခန်းကြီး၁၊အခန်းငယ်၂**တွင်ထပ်မံ၍အရေးကြီးသောအချိန်ကာလတစ်ခုကိုဖေါ်ပြခဲ့ပါသည်။ နှုတ်ကပတ်တော်သည်မည်သည့်အချိန်တွင်ဘုရားသခင်နှင့်အတူရှိခဲ့သနည်း? **“အစအဦး၌” ရှင်မာကုခရစ်ဝင်ကျမ်း ၁း၁**မှအစကိုဆိုလိုရင်းဖြစ်ပြီး၊ **“ကမ္ဘာဦးကျမ်း ၁း၁”** မဟုတ်ပါ။

၇။ **“ထိုနှုတ်ကပတ်တော်သည်ခပ်သိမ်းသောအရာတို့ကိုဖန်ဆင်းတော်မူ၏။”** ဤအချက်သည်အဓိကချက်ပင်ဖြစ်သည်။ ရှင်ယောဟန်၏ရေးသားချက်အားလုံးတို့ကိုကြည့်ပါက၊ **“ခပ်သိမ်းသောအရာ”** ဟုဆိုရာ၌ကမ္ဘာဦးကျမ်းမှစကြာဝဠာ၊သစ်ပင်များကိုဖန်ဆင်းခြင်းကိုမဆိုလို

ကြောင်းကိုနှိုင်းယှဉ်နိုင်ပါသည်။ ရှင်ယောဟန်၏ရေးသားချက်အားလုံးကိုကြည့်ကြမည်ဆိုလျှင်၊သူ့အနေဖြင့်အလွန်အလေးအနက်ထားဖော်ပြချက်မှာ၊ ဓမ္မသစ်ကျမ်းတွင်တွေ့ရှိရသော**"အသစ်သောဖန်ဆင်းခြင်း"**ပင်ဖြစ်သည်။ ဤအချက်သည်ကမ္ဘာဦးကျမ်းမှဖန်ဆင်းခြင်းအဟောင်းနှင့်လွန်စွာမှကွာခြားပါသည်။ ယင်းနှင့်ဆင်တူသောအချက်ကိုရှင်ပေါလုမှ၊**"ကောလောသဲဩဝါဒစာ ၁း၁၆ နှင့် ဧဖက်ဩဝါဒစာ ၃း၉"**တွင်ရေးသားထားပါသည်။ သို့သော်၊ဤအချက်များကိုရှင်ပေါလု၏ဖော်ပြချက်များနှင့်နှိုင်းယှဉ်နိုင်ပါသည်။ **(ကောလောသဲဩ ဝါဒစာ ၁း၁၅-၁၈၊၃း၉-၁၀၊ဧဖက်ဩဝါဒစာ ၂း၁၀၊၃း၁၀၊၄း၂၄)** ဤကျမ်းချက်များသည်ဖန်ဆင်းခြင်းဆိုသည်မှာဒုတိယမွေးခြင်းအားဖြင့်ရရှိသောအသစ်သောယောက်ျားများနှင့်မိန်းမတို့ကိုဆိုလိုပြီး၊မြေမှုန့်အားဖြင့်ဖန်ဆင်းခဲ့သောအာဒံနှင့်ဧဝတို့ကိုဖန်ဆင်းခြင်းအဟောင်းကိုဆိုလိုရင်းမဟုတ်ပါ။ (နှိုင်းယှဉ်ဖို့ရန်-**ကောရိန္သုဩဝါဒစာဒုတိယစောင်၅း၁၇၊ ဂလာတိဩဝါဒစာ၆း၁၅၊ရှင်ယာကုပ်ဩဝါဒစာ ၁း၁၈၊ဗျာဒိတ်ကျမ်း ၃း၁၄)**

## နှုတ်ကပတ်တော်

**"ရှင်ယောဟန်ခရစ်ဝင်ကျမ်း ၁း၁၃"**ကိုအလေးထား၍နှုတ်ကပတ်တော်ဟူသောစာသားကိုအခြေပြုရေးသားခဲ့ခြင်းဖြစ်သည်။ ဂရိစကားအရ၊"logos"ကို**"ရှင်ယောဟန်ခရစ်ဝင်ကျမ်း ၁း၁"**တွင်ဖော်ပြထားသော**"နှုတ်ကပတ်တော်"**ဟုဘာသာပြန်ဆိုထားပါသည်။ သခင်ယေရှုဖြစ်သည်ဟုဖော်ပြခြင်းမဟုတ်ပါ။ "logos"ဟူသောဝေါဟာရကိုသမ္မာကျမ်းစာအခြားနေရာများတွင်လည်းတစ်မျိုးတစ်ဖုံဘာသာပြန်ဆိုရေးသားထားရှိလေသည်။ "အထုပတ္တိ၊ပြောဆိုခြင်း၊ကြံရွယ်ခြင်း၊အကြောင်းယုတ္တိ၊သတင်းစကား၊ဖြစ်စေသည်၊ဩဝါဒ၊ဟောပြောခြင်းနှင့်ပြောဆိုခြင်း"တို့ပင်



ဖြစ်သည်။

logos =အသက်ရှင်ခြင်း၊မိန့်ဆိုချက်အသံ၊ထင်မြင်ယူဆချက်(သို့မဟုတ်)စိတ်ကူးစိတ်သန်ရရှိခြင်းဟုခေါ်ဆိုပါသည်။
(Enhanced Strong's Lexicon, Oak Harbor, WA:1995)

ထပ်မံ၍ "Strong"၏ဂရိအဘိဓာန်တွင်၊-"ဂရိအတွေးအခေါ်ပညာရှင်-Heraclitus ဆိုသူသည်၊ဘီစီ၆၀၀ခန့်၌စကြဝဠာများ၏ပြောင်းလဲမှုဖြစ်စဉ်တွင်သန့်ရှင်းသောအကြောင်းပြချက်များ(သို့မဟုတ်)ပုံစံများသည်ဆက်စပ်ပူးပေါင်းပါဝင်လျက်ရှိနေသောကြောင့်-Logos ဟူသောဝေါဟာရကိုပထမဦးဆုံးသုံးစွဲခဲ့လေသည်။ ရှင်ယောဟန်သည်၊အခန်းကြီး-၁၏ရည်ရွယ်ချက်ကိုဖော်ပြရာ၌သင့်တော်သောစကားလုံးဖြစ်သော(Logos)ကိုအံ့ဝင်ဂွင်ကျသုံးစွဲထား ခဲ့ပါသည်။(Enhanced Strong's Lexicon, Oak Harbor, WA, 1995)

Logosသည်အတွင်းသဏ္ဍာန်စိတ်ကူးအတွေးကြံရွယ်ချက်တို့ကိုအပြင်သဏ္ဍာန်သို့ရောက်အောင်စကားဖြင့်ပြောဆိုခြင်း(သို့မဟုတ်)ဆက်သွယ်ခြင်းဟုအနက်ရပါသည်။ အစအဦး၌ဘုရားသခင်အထံတော်တွင်အတွင်းသဏ္ဍာန်စိတ်ကူးကြံရွယ်ချက်ရှိတော်မူခဲ့ပါသည်။ ဘုရားသခင်၏တစ်ခုတည်းသောရည်ရွယ်ချက်တော်မှာသခင်ခရစ်တော်၌အခြေပြုထားခဲ့ပါသည်။ သခင်ယေရှုမွေးဖွားတော်မူသောအခါယင်း**"နှုတ်ကပတ်တော်"**သည်အသွေးအသားအဖြစ်ပြောင်းလဲခဲ့ပါသည်။ သခင်ယေရှုသည်၊**"နှုတ်ကပတ်တော်မှလူ့အသွေးအသား"**ဖြစ်လာခဲ့ပါသည်။**(ရှင်ယောဟန်ခရစ်ဝင်ကျမ်း ၁း၁၄)**အစအဦး၌ပင်ဘုရားသခင်ထံတော်တွင်ထိုအတွေးကြံရွယ်ချက်နှင့်အကြောင်းယုတ္တိတို့သည်တည်ရှိခဲ့ပါသည်။

The Logos သည်သခင်ယေရှုဟူသောပုဂ္ဂိုလ်အားဖြင့်အပြင်သဏ္ဍာန်တော်သို့ရောက်ခဲ့ပါသည်။

### ၊၊ **"နှုတ်ကပတ်တော်သည်လည်းဘုရားသခင်ဖြစ်တော်မူသည်" ဆိုသည်မှာအဘယ်နည်း?**

စဉ်းစားရမည်မှာ၊နှုတ်ကပတ်တော်သည်ဘုရားသခင်၏အတွင်းသဏ္ဍာန်၏တွေးတော်မှု(သို့မဟုတ်)အကြံအစည်တော်ပင်ဖြစ်၍၊**"သူသည်စိတ်ထင်သည့်အတိုင်းဖြစ်တော်မူ၏။"** ဟု **"သုတ္တံကျမ်း ၂၃း၇"** တွင်ဖော်ပြထားရှိပါသည်။

ဘုရားသင်သည်လည်း၊ဤအတိုင်းပင်ဖြစ်၏။ ဘုရားသခင်တွင်စိတ်ကူးဆန္ဒသည်ဘုရားသခင်ပင်ဖြစ်၏။ နှုတ်ကပတ်တော်သည်လည်းဘုရားသခင်ဖြစ်တော်မူပါသည်။

> **"ဘုရားသခင်ကိုအဘယ်သူမျှမမြင်စဖူး။ သို့သော်လည်း၊အချင်းချင်းချစ်ကြလျှင်၊ဘုရားသခင်သည်ငါတို့၌တည်တော်မူ၍၊ငါတို့သည်ချစ်ခြင်းမေတ္တာတော်နှင့်ပြည့်စုံလျှက်ရှိကြ၏။ . . . . ယေရှုသည်ဘုရားသခင်၏သားတော်ဖြစ်တော်မူသည်ကိုဝန်ခံသောသူမည်သည်ကား၊ဘုရားသခင်၌တည်၏။ ဘုရားသခင်သည်လည်းထိုသူ၌တည်တော်မူ၏။ (ရှင်ယောဟန်ဩဝါဒစာပထမစောင် ၄း၁၂-၁၆)**

### ✷ အချုပ်။

ဘုရားသခင်၏နှုတ်ကပတ်တော်များကိုဖတ်ရှုခဲ့ပြီးသည့်နောက်ကျွန်တော်တို့သည်ကယ်တင်မစခြင်းကိုရရှိစေသောသတင်းအအချက်များ



ကိုလည်းသိရှိထားပြီးဖြစ်လေသည်။ ယင်းအချက်မှာသမ္မာတရားပင်ဖြစ်သည်။

> **"ယေရှုခရစ်ကိုယုံကြည်ခြင်းအားဖြင့်ကယ်တင်ခြင်းအလို့ငှါပညာကိုပေးနိုင်သောဓမ္မကျမ်းစာကိုငယ်သောအရွယ်မှစ၍လေ့ကျက်သည်ကိုရင်းသိမှတ်သည်နှင့်၊အထက်ကသင်၍နှလုံးသွင်းမိသောအယူဝါဒ၌တည်နေလော့။ ထိုကျမ်းစာရှိသမျှသည်ဘုရားသခင်မှုတ်သွင်းတောမူသောအားဖြင့်ဖြစ်၍၊ဘုရားသခင်၏လူသည်စုံလင်သောသူ၊ကောင်းသောအမှုအမျိုးမျိုးတို့ကိုပြုစုခြင်းအလို့ငှါပြင်ဆင်သောသူဖြစ်မည်အကြောင်း၊. . . " (တိမောသောဩဝါဒစာဒုတိယစောင် ၃း၁၅-၁၇)**

ဓမ္မဟောင်းကျမ်းနှင့်ဓမ္မသစ်ကျမ်းတစ်ခုလုံးကိုဖတ်ရှုသောအခါအောက်ပါအကြောင်းချက်များကိုတွေ့နိုင်ပါသည်။

-ဘုရားသခင်သည်အနန္တတန်ခိုးတော်နှင့်ပြည့်စုံတော်မူသောဖန်ဆင်းရှင်နှင့်စစ်မှန်သောတစ်ဆူတည်းသောဘုရားဖြစ်တော်မူခြင်း။

-သခင်ယေရှုသည်ဘုရားသခင်၏သားတော်၊သန့်ရှင်းသောဝိညာဉ်တော်တန်ခိုးသည်မယ်တော်မာရိအပေါ်သို့သက်ရောက်ပြီးပဋိသန္ဓေတည်၍ဘွားမြင်တော်မူခဲ့ခြင်း။

### သုံးပါးတစ်ဆူယုံကြည်မှုအတွက်ပြဿနာ(၃)ရပ်။

**၊)  ဘုရားသခင်သည်သုံးပါးတစ်ဆူဘုရားဖြစ်ပါကအဘယ်  ကြောင့်သမ္မာကျမ်းစာတွင်ဖေါ်ပြမထားရသနည်း?**

**၊)  သခင်ယေရှုသည်ဘုရားသခင်နှင့်ထပ်တူညီပါကအဘယ်ကြောင့်"ငါ့ခမည်းတော်သည်ငါ့ထက်သာ၍ကြီးမြတ်တော်မူသည်၊" (ရှင်ယောဟန်ခရစ်ဝင်ကျမ်း ၁၄း၂၈) ဟုမိန့်တော်မူခဲ့ရသနည်း?**

**၊)  အလွန်အရေးကြီးသော ဤအခြေခံယုံကြည်ချက်သည်တမန်တော်ကြီးများကွယ်လွန်ကြပြီးသည့်နောက်နှစ်ပေါင်းရာနှင့်ချီကြာမြင့်ပြီးမှပေါ်ထွန်းလာသဖြင့်အမှန်ဖြစ်နိုင်ပါမည်လား?**

**၊)  ဘုရားသခင်နှုတ်ထွက်တော်တို့ကိုမှတ်တမ်းတင်ထားသောသမ္မာကျမ်းစာတွင်ရှင်းလင်းစွာမဖေါ်ပြထားသောယုံကြည်ချက်တစ်ခုကိုကျွန်တော်တို့သည်အဘယ်ကြောင့်လက်ခံထားကြပါသလဲ?**

ကျွန်တော်တို့ကိုအထူးသတိပေးနေသည်မှာ၊-

**"တဖန်တုံ၊သင်တို့ခံယူပြီးသောဧဝံဂေလိတရားမှတပါးအခြားသောဧဝံဂေလိတရားကိုတစုံတယောက်သောသူဟောပြောလျှင်၊ထိုသူသည်ကျိန်တော်မူခြင်းကိုခံစေဟုငါတို့ဆိုခဲ့ပြီးသည့်အတိုင်းယခုငါထပ်၍ဆိုသေး၏။" (ဂလာတိဩဝါဒစာ ၁း၉)**

သုံးပါးတစ်ဆူယုံကြည်ချက်ကိုလက်မခံငြင်းဆိုလိုက်သည်နှင့်



အဓိကအသင်းတော်ကြီးများကသင့်အားကြိုဆိုကြမည်မဟုတ်ပါ။ သမ္မာကျမ်းစာတွင်သုံးပါးတစ်ဆူဘုရားအကြောင်းမဖေါ်ပြထားသော်လည်းကျန်အသင်းတော်ကြီးများမှလက်ခံယုံကြည်သွန်သင်နေရခြင်းအကြောင်းအရင်းမှာလွန်ခဲ့သော၄ရာစုနှစ်တွင်ခရစ်ယာန်သာသနာတော်တစ်ခုလုံးကိုအတင်းအကျပ်လက်ခံယုံကြည်စေခဲ့ကြသောကြောင့်ဖြစ်ပါသည်။ ယင်းသို့ယုံကြည်မှုနှင့်ဆိုင်သောမေးခွန်းများကိုမေးမြန်းလာပါကလည်း၊ရာစုနှစ်ပေါင်းများစွာအထိညှဉ်းပန်းနှိပ်စက်မှုများကိုခံခဲ့ကြရပါသည်။ ယခုအခါတွင်မူအသင်းတော်မကြီးများမှာညှဉ်းပန်းနှိပ်စက်ခြင်းကိုမူမပြုကြမထိလေးစားမှုကိုပြုကြခြင်း၊ကြောက်ရွံ့ကြခြင်း(သို့မဟုတ်)အမျက်ဒေါသထွက်ခြင်းစသောစိတ်လှုပ်ရှားမှုတို့ဖြင့်တုံ့ပြန်ကြလေသည်။ ယင်းကိုလွယ်ကူစွာကိုင်တွယ်နိုင်ကြသော်လည်း၊ထိုသူတို့မှာယခုတိုင်အောင်မသာမယာဖြစ်နေခြင်းနှင့်ကြောက်လန့်လျက်ပင်ရှိနေကြသည်ကိုသိရှိနိုင်ပါသည်။

သခင်ယေရှု၏အချိန်ကာလတွင်စစ်မှန်သောယုံကြည်သူတို့မှာအနည်းငယ်မျှလောက်သာရှိနေကြသေးရာ၊သခင်ခရစ်တော်မှထိုသူတို့ကိုခွန်အားပေးကဲ့သို့ကျွန်တော်တို့ကိုလည်းအောက်ပါအတိုင်းမိန့်တော်မူခဲ့ပါသည်။

**"ကျဉ်းသောတံခါးကိုဝင်ကြလော့။ ပျက်စီးခြင်းသို့ရောက်သောလမ်းနှင့်တံခါးသည်ကျယ်ဝန်းသည်ဖြစ်၍ဝင်သောသူတို့သည်များကြ၏။ အသက်ရှင်ခြင်းသို့ရောက်သောလမ်းနှင့်တံခါးသည်အလွန်ကျဉ်းမြောင်းသည်ဖြစ်၍၊တွေ့ဝင်သောသူတို့သည်နည်းကြ၏။ (ရှင်မဿဲခရစ်ဝင်ကျမ်း ၇း၁၃-၁၄)**
**"ထိုသို့ခေါ်တော်မူသောအများရှိသော်လည်း၊ရွေးကောက်**

**တော်မူသောသူနည်းသည်ဟုမိန့်တော်မူ၏။” (ရှင်မဿဲခရစ်ဝင်ကျမ်း ၂၂း၁၄)**

ကျွန်တော်တို့သည်ကယ်တင်ခြင်းကိုရရှိကြရန်အလေးအနက်ထားလိုပါကတစ်ဆူတည်းသောဘုရားသခင်နှင့်သခင်ယေရှုခရစ်တော်ကိုကျွမ်းခြင်းမှုတွင်မူတည်ပါသည်။**(ရှင်ယောဟန်ခရစ်ဝင်ကျမ်း ၁၇း၃)** ယင်းနောက်သမ္မာကျမ်းစာကိုအလေးအနက်ထားဖတ်ရှုလေ့လာပြီးသမ္မာတရားကိုသိရှိနားလည်ရန်ဖြစ်ပါသည်။ ဗေရိမြို့သားတို့၏အံ့ဩဘွယ်ရာဥပမာကိုခံယူကြပါစို့။

**“. . . . အလွန်ကြည်ညိုသောစေတနာစိတ်နှင့်နှုတ်ကပတ်တရားတော်ကိုခံယူ၍မှန်သည်မမှန်သည်ကိုသိခြင်းငှါ၊ကျမ်းစာကိုနေ့တိုင်းအစဉ်စေ့စေ့ကြည့်ရှုကြ၏။” (တမန်တော်ဝတ္ထု ၁၇း၁၁)**

ဘုရားသခင်၏နှုတ်ကပတ်တော်ကိုဖွင့်၍သိမြင်နားလည်သောသဘော၊ဆင်ခြင်နိုင်သောသဘောဖြင့်ဖတ်ရှုကြရပါမည်။ ကျွန်တော်တို့၏ရှိရင်းစွဲအတွေးအခေါ်များကိုဖယ်ရှားပြီး၊ဖတ်ရှုသမျှကိုလက်ခံကြရမည့်အပြင်ကျွန်တော်တို့ကြိုတင်သိရှိထားသောအရာများနှင့်ဆန့်ကျင်ကွဲလွဲမှုရှိသောသမ္မာကျမ်း၌သွန်သင်သောအရာများကိုမူမဖယ်ရှားကြရန်လိုအပ်ပါသည်။ ယင်းမှသာ၊ဘုရားသခင်သည်ကျွန်တော်တို့ကိုမည်သည့်အရာကိုသွန်သင်နေသည်၊မိန့်တော်မူနေသည်ကိုသိရှိနိုင်ပါမည်။ သမ္မာတရားသည်**“ဝှက်ထားသောဘဏ္ဍာ”(ရှင်မဿဲခရစ်ဝင်ကျမ်း၁၃း၄၄)**နှင့်တူနေပါသည်။ ကျွန်တော်တို့သည်ဇွဲကြီးစွာဖြင့်ဆက်ကပ်၍ရှာဖွေကြရမည်ဖြစ်သည်။



အချုပ်အားဖြင့်၊ပညာရှိဆော်လမွန်ဘုရင်၏စကားကိုဆင်ခြင်ကြည့်ကြပါစို့။

**“စေတနာစိတ်နှင့်ဉာဏ်ကိုရှာဖွေသည်တိုင်အောင်၊ငါ့စကားကိုနာခံ၍၊ငါ့ပညတ်တို့ကိုကိုယ်အထဲ၌သွင်းမိလျှင်၎င်း၊သိပ္ပံအတတ်ကိုခေါ်၍၊ဉာဏ်နောက်သို့အသံကိုလွှင့်လျှင်၎င်း၊ငွေကိုရှာတတ်သကဲ့သို့ပညာကိုရှာ၍၊ဝှက်ထားသောဘဏ္ဍာကိုစူးစမ်းတတ်သကဲ့သို့၊ဉာဏ်ကိုစူးစမ်းလျှင်၎င်း၊ထာဝရဘုရားကိုကြောက်သောသဘော၌ကျင်လည်၍၊ဘုရားခင်ကိုသိသောဉာဏ်နှင့်ပြည့်စုံလိမ့်မည်။ အကြောင်းမူကား၊ထာဝရဘုရားသည်ပညာကိုပေးတော်မူတတ်၏။ နားလည်နိုင်သောဉာဏ်သည်နှုတ်ကပတ်တော်အားဖြင့်သာဖြစ်တတ်၏။” (သုတ္တံကျမ်း ၂း၂-၆)**

**✷ မေးခွန်းများ။**

၁။ **သမ္မာကျမ်းစာသည်ဘုရားသခင်နှင့်ပတ်သက်၍မည်သို့သွန်သင်ထားရှိနည်း?**

၂။ **သမ္မာကျမ်းစာသည်သခင်ယေရှုနှင့်ပတ်သက်၍မည်သို့သွန်သင်ထားရှိနည်း?**

၃။ **ဘုရားသခင်နှင့်သခင်ယေရှုတို့သည်အတူတူပင်ဖြစ်ပါသလား?**

တွင် ရှိတော်မူခဲ့သနည်း?

၅။ သခင်ယေရှုနှင့်ဘုရားသခင်တို့ကွဲပြားခြားနားချက် (၅) ခုကိုရေးပြပါ။

၆။ သမ္မာကျမ်းစာမှသုံးပါးတစ်ဆူဘုရားအကြောင်းကိုဖေါ် ပြထားရှိပါသလား?

၇။ သုံးပါးတစ်ဆူဘုရားအယူဝါဒကိုမည်သည့်နေရာမှရရှိ
လာ
ရသနည်း?

၈။ "ငါသည်ငါ့ခမည်းတော်နှင့်တလုံးတဝတည်းဖြစ်သည်၊" ဟူသောမိန့်မှာချက်ကိုရှင်းလင်းဖော်ပြပါ။

၉။ ရှင်ယောဟန်ခရစ်ဝင်ကျမ်း၌ ပါရှိသည့်"အစအဦး" ၏ အနက်အဓိပ္ပါယ်များကားမည်သို့နည်း?

၁၀။ Logos ၏အနက်အဓိပ္ပါယ်ကားမည်သို့နည်း?



Christadelphians Bible Mission of Myanmar
Tel: 73056021 - 0951-66337
E-mail: ivan.edwards2009@gmail.com